# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၉၇)၊ ၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်၊ ၂၇-၉-၂၀၂၄၊ သောကြာနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ
(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၆ / ၂၀၂၄)

၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်
(၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ခြိမ်းခြောက်သည့် ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ ပါဝင်သည့် အဖျက်စွမ်းအားကြီးမားသော

စာမျက်နှာ ၃ သို့ ❍

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲနှင့် ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးများပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၆

၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ်(၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများက နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) နှင့် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) တို့၌ စုပေါင်းသွေးလှူဒါန်းကြသည်။

### စုပေါင်းသွေးလှူဒါန်း

နံနက်ပိုင်းတွင် အဆိုပါဆေးရုံများ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရှိ ဌာနကြီးများနှင့် တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းစုစုပေါင်း ၃၁၃ ဦးတို့က တစ်ချိန်တည်း စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ စုပေါင်းသွေးလှူဒါန်းကြသည့် သွေးလှူရှင်တပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီ၊ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပြည်ထဲရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ ပြည်ထဲရေးဝန်ကြီး ဌာနနှင့် ကျန်းမာရေးဝန်ကြီး ဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယ ရဲချုပ် (၁) နှင့် ရဲအရာရှိကြီးများ၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဆေးရုံအုပ်ကြီး ပါမောက္ခ ဒေါက်တာရဲမြင့်နှင့် တာဝန်ရှိသူများ၊ ဇေယျာသီရိ မြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး

စာမျက်နှာ ၃ သို့ ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် စုပေါင်းသွေးလှူဒါန်းကြသည့် သွေးလှူရှင်တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများအား ကြည့်ရှုအားပေးစဉ်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၂၆

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။

**မိုး/ဧလ**


ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် (၃) ရက်သာ လိုတော့သည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၇ ရက် ၊ သောကြာနေ့။

မန္တလေး နေ့စဉ်

## မျိုးဆက်သစ်လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရေး

အားကစားကဏ္ဍတိုးတက်အောင်မြင်ခြင်းသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များ မြှင့်တင်ပေးနိုင်ပြီး လူသားအရင်းအမြစ်အား တိုက်ရိုက်ဖွံ့ဖြိုးစေနိုင်ကြောင်း၊ တပ်မတော်အနေဖြင့် ယခုကဲ့သို့ အားကစားပြိုင်ပွဲများကို ကျင်းပနေခြင်းသည် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရွေးစင်အားကစားသမားများမှ နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင်အားကစားသမားများအဖြစ်ကို တက်လှမ်းနိုင်စေရန် ရည်ရွယ်ကျင်းပနေခြင်းဖြစ်သကဲ့သို့ မျိုးဆက်သစ်လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန် ရည်ရွယ်မွေးထုတ်ပေးနေခြင်းလည်းဖြစ်ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စက်တင်ဘာ ၂၅ရက်ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပပြုလုပ်သည့်၂၀၂၄ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား၌ အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

အားကစားဟူသည်မှာ ခွန်အားနှင့် ဉာဏ်ရည်ကို အသုံးပြုပြီး လှုပ်ရှားဆောင်ရွက်ရခြင်းဖြစ်သည်။ အားကစားလုပ်ဆောင်ခြင်းဖြင့် လူတစ်ယောက်၏ ခန္ဓာကိုယ်အစိတ်အပိုင်းအသီးသီးကို ကြံ့ခိုင်သန်စွမ်းစေရုံမက စိတ်ဓာတ်ပိုင်းဆိုင်ရာကိုပါ ကြံ့ခိုင်ဖွံ့ဖြိုးစေသောကြောင့် တပ်မတော်အနေဖြင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်မှုနှုန်း မြင့်မားချိန်ကာလမှအပ နှစ်စဉ်ပုံမှန်ကျင်းပပေးလျက်ရှိသည်။ အားကစားပြိုင်ပွဲတွင် တပ်မတော်သားများ၏ တစ်ဦးချင်းအပြင် အဖွဲ့လိုက်ယှဉ်ပြိုင်ရသည့် အားကစားနည်း ၁၀ မျိုးကို ထည့်သွင်းကျင်းပပေးလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဆက်လက် ပြောကြားရာတွင် တပ်မတော်အနေဖြင့် တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့နှင့် တပ်မတော်အားကစားကော်မတီတို့ကို ဖွဲ့စည်းပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အရည်အသွေးမြင့် တပ်မတော်သား အားကစားသမားများ မွေးထုတ်ပေးလျက်ရှိကြောင်း၊ ထို့ပြင် နှစ်စဉ်အားကစားပြက္ခဒိန်ကို ရေးဆွဲထားရှိပြီး တိုင်းစစ်ဌာနချုပ်များအလိုက် သတ်မှတ်ပြိုင်ပွဲများကို ကျင်းပခဲ့သောကြောင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများအတွက် သွေးသစ်လောင်းနိုင်သည့် အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွက်နေခြင်းလည်းဖြစ်ကြောင်း၊ တပ်မတော်သားအားကစားသမားများသည် နိုင်ငံတကာအားကစားပြိုင်ပွဲများနှင့် ဒေသတွင်းပြိုင်ပွဲများတွင် အဆင့်အတန်းပြည့်မီစွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ကြသည့်အပြင် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် ဆုတံဆိပ်အသီးသီး ဆွတ်ခူးရရှိနေကြသည်ကိုလည်း တွေ့ကြရမည်ဖြစ်ကြောင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲတွင် မိမိတို့တိုင်းစစ်ဌာနချုပ်၏ ဂုဏ်ကိုဆောင်နိုင်သူအားကစားသမားဖြစ်ရမည်ဟူသည့် ရည်မှန်းချက်ထား ယှဉ်ပြိုင်သွားကြရန်၊ ရှိပြီးဖြစ်သည့် ကာယ၊ ဉာဏ်စွမ်းအားများကို ရေကုန်ရေခန်းထုတ်ဖော်ပြသပြီး တပ်မတော်ဂုဏ်ဆောင်အဆင့်မှ နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အဆင့်ထိရောက်အောင်ကြိုးပမ်းသွားကြရန်၊ ကာကွယ်ရေးတာဝန်ကျေပွန်သည့် တပ်မတော်သားကောင်းအဖြစ်သာမက တပ်မတော်နှင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားကောင်းများဖြစ်အောင် မလျှော့သောဇွဲ၊ လုံ့လ၊ အားမာန်၊ စိတ်ဓာတ်တို့ဖြင့် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

သို့ဖြစ်ရာ နိုင်ငံတော်ကချမှတ်ထားသော လူမှုရေးဦးတည်ချက်တစ်ရပ်ဖြစ်သည့် "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး"ဟူသည့်အချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည့်အပြင် မျိုးဆက်သစ်လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရေး နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးတို့အတွက် အားကစားပြိုင်ပွဲများ ကျင်းပပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



**မန္တလေး စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီးဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချမှုအစီအစဉ်ကို အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ၂၄လမ်းနှင့် ၂၅လမ်းကြား၊ ၆၅လမ်းနှင့် ၆၄လမ်းကြားတွင် ယနေ့ မွန်းလွဲ ၂ နာရီမှစတင်ကာ ရောင်းချပေးခဲ့သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့် သားသတ်ဌာနမှဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသောအဆိုပြု ဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**(အပေါင်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၆)**

## အောင်မြေသာစံမြို့နယ် စာရေးဆရာအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၆**

မန္တလေး အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ ၈၆ လမ်း၊၂၁ လမ်းနှင့် ၂၂ လမ်းကြားရှိ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ မြို့နယ်စာရေးဆရာအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းကကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးမှူး ဒေါ်တင့်တင့်ရွှေနှင့် ဝန်ထမ်းများ၊ မြို့နယ်စာရေးဆရာအသင်း နာယကဦးကံလှ(မောင်လူလှ-ဇေယျာဦး)၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးမော်စန်း(မြောက်ပြင်တော်က-ကိုရွှေမော်)နှင့် မြို့နယ်စာရေးဆရာအသင်းဝင်များတက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် နာယက ဦးကံလှ(မောင်လူလှ-ဇေယျာဦး)က အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးမော်စန်း(မြောက်ပြင်တော်က-ကိုရွှေမော်)က အသင်း၏လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်းဝင်များက အသင်း၏လုပ်ငန်းစဉ်များကို အသီးသီး အကြံပြုဆွေးနွေးခဲ့ကြသည်။

ထို့နောက် နာယက ဦးကံလှ(မောင်လူလှ-ဇေယျာဦး)က နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။



**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀

## သမဝါယမအသင်းစု ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ သဘာပတိဥက္ကဋ္ဌ ဦးချစ်ခင်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဌေးက သမဝါယမအသင်းစု၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပရခြင်းနှင့် ပတ်သက်၍ အကြံပြုပြောကြားသည်။

ထို့နောက် သမဝါယမအသင်းစုချုပ် အတွင်းရေးမှူးဦးသိန်းမြင့်က သမဝါယမအသင်းစု၏လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ပြောကြားပြီးနောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်မူက သမဝါယမအသင်းစုနှင့်ပတ်သက်သည့်လုပ်ငန်းဆိုင်ရာများအား ဆွေးနွေးတင်ပြကာ သမဝါယမအသင်းစုအဖွဲ့ဝင်ဦးသန်းထွန်းက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ၊ ရှေ့လုပ်ငန်းစဉ်များ၊ ဘဏ္ဍာရေးရှင်းတမ်းများနှင့် အမြတ်ခွဲဝေမှုစာရင်းများအား လည်းကောင်း၊ သမဝါယမအသင်းစုစာရင်းစစ် ဦးမောင်မောင်မြင့်က အသင်းစာရင်းစစ်အစီရင်ခံစာများအား ဖတ်ကြားတင်သွင်းခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်ဘဏ္ဍာရေးရှင်းတမ်းများနှင့် ရှေ့လုပ်ငန်းစဉ်များအား အသင်းဝင်ကိုယ်စားလှယ်များထံမှ အတည်ပြုချက်ရယူခြင်း၊ တက်ရောက်လာသည့် အသင်းဝင်ကိုယ်စားလှယ်များက နားမလည်သည်များအား မေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ ချမ်းမြသာစည်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ သမဝါယမအသင်းများမှအသင်းဝင်များ၏အခြေခံပညာအထက်တန်းတွင်ဂုဏ်ထူးဖြင့် အောင်မြင်သော သား၊ သမီးများအား ဆုချီးမြှင့်ခြင်း၊ ချမ်းမြသာစည်မြို့နယ် သမဝါယမအသင်းစုသို့ အစုထည့်ဝင်ထားသော ချမ်းမြသာစည်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်းများအား၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အစုပေါ်အမြတ်နှင့် အစုပေါ်အတိုးငွေများအား တာဝန်ရှိသူများက ပေးအပ်ကြကြောင်းသိရသည်။ **(၀၉၃)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

○ ရှေ့ဖုံးမှ

လက်နက်များအား တားဆီးကာကွယ်ရေး၊ ဖယ်ရှားရေးနှင့် ဖျက်ဆီးရေးတို့အတွက်လည်းကောင်း၊ လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုနှင့်သက်ဆိုင်သည့် ဘဏ္ဍာရေးအရ အရေးယူဆောင်ရွက်ရေးဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့အတွက် လည်းကောင်း အစီအမံများချမှတ်ခြင်း၊"

၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၃။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ဆောင်ရွက်ရန် တာဝန် တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်လျှင်သော်လည်းကောင်း ထိုသူကို နှစ်နှစ်ထက် မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းက ပြစ်မှုကျူးလွန်ခြင်းဖြစ်လျှင် ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို အနည်းဆုံး ကျပ်သိန်းနှစ်ရာမှ အများဆုံး ကျပ်သိန်းသုံးထောင်အထိ ငွေဒဏ်ချမှတ်ရမည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခြင်း

နေပြည်တော် စက်တင်ဘာ ၂၆

၁။ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သော မဲမသမာမှုများကြောင့် ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံရေးပြဿနာများကို အေးချမ်းစွာပြီးဆုံးစေရန်အတွက် နိုင်ငံရေးနည်းလမ်းမျိုးစုံဖြင့် ညှိနှိုင်းဖြေရှင်းရန် ကြိုးပမ်းခဲ့မှုကို လျစ်လျူရှု၍ နိုင်ငံတော်အာဏာကို မမှန်မကန်သောနည်းလမ်းဖြင့် ရယူရန်ကြိုးပမ်းခဲ့၍သာ တပ်မတော်က နိုင်ငံတော်၏အာဏာအရပ်ရပ်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွှဲပြောင်းရယူထိန်းသိမ်းဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်။

၂။ တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို စစ်ဘက်၊ အရပ်ဘက်မျှတစွာဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များ ချမှတ်ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်ဖြစ်သည့် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်အာဏာလွှဲအပ်ရေးကို မမှိတ်မသုန်ဦးတည်ဆောင်ရွက်နေ သော်လည်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်း ခြင်းမပြုဘဲ လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လမ်းစဉ်တို့ဖြင့် လက်နက်စွဲကိုင် အကြမ်းဖက်တိုက်ခိုက်သည့် နည်းလမ်းကို ရွေးချယ် အသုံးပြုခဲ့ကြသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကြောင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ၊ နိုင်ငံတော်၏ အခြေခံအဆောက်အအုံများ၊ ပြည်သူတို့၏အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးရမှုများစွာ ဖြစ်ပေါ် ခဲ့ရသည့်အပြင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအဟန့်အတားဖြစ်စေခဲ့ရသည်။

၃။ ယနေ့အချိန်တွင် ကျင်းပရန်ရှိသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းမှန်ကန်မှုကို အထောက်အကူပြုစေမည့်သန်းခေါင်စာရင်းကောက်ယူခြင်းကို အောက်တိုဘာလ (၁)ရက်နေ့တွင် စတင်ကောက်ယူတော့မည်ဖြစ်ပြီး ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက်ဆောင်ရွက်နေချိန်လည်းဖြစ်သည်။ လက်နက်ကိုင် လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန် အလို့ငှာ နိုင်ငံတော်အားဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ကမ်းလှမ်းဖိတ်ခေါ်အပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့




နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ထံ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

❖ ရှေ့ဖုံးမှ

(ခုတင်-၁၀၀၀)မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီးအာဟာရ ဖြည့်စွက်စာများနှင့် အားဆေးများ ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နှစ်(၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)သို့ ငွေကျပ်သိန်း ၆၀ တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးမျိုးစုံ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကား ပြောကြားသည်။

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၇ ရက်တွင်လည်း နေပြည်တော် (ခုတင်-၁၀၀၀)ပြည်သူ့ဆေးရုံကြီး၌ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်း ၂၄၇ ဦးတို့က ဆက်လက်စုပေါင်းသွေးလှူဒါန်းကြမည်ဖြစ်ရာ စုစုပေါင်း ဂုဏ်ပြုသွေးလှူဒါန်းသူ ၅၆၀ ဖြစ်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ပျဉ်းမနားမြို့နယ်ရှိ ဆင်သေကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၊ ဇေယျာသီရိမြို့နယ်ရှိ စည်ပင်ကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲနှင့် ပုဗ္ဗသီရိမြို့နယ်ရှိ အေးမြင့်သာယာကျေးရွာ မူလတန်းကျောင်းများ၌ ရေဘေး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် သန့်ရှင်းရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာစာသင်ကျောင်းများမှ ကျောင်းဆရာ ဆရာမများအား သွားရောက်ကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဝါကြိတ်စက်ရုံ(ရမည်းသင်း)၌ လက်တွေ့စမ်းသပ်လည်ပတ်၍ ဝါကြိတ်ခွဲနေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၆

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ ဝါကြိတ်စက်ရုံ (ရမည်းသင်း)သို့ ရောက်ရှိပြီး စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနနှင့် အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းတို့ပူးပေါင်း၍ ကြိတ်လုံး နှစ်လုံးတပ် ဝါကြိတ်ခွဲစက်အား နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ဖြင့် မောင်းနှင်အသုံးပြုနိုင်ရေးအတွက် ဆိုလာပြားများ တပ်ဆင်ထားရှိမှု၊ လက်တွေ့စမ်းသပ်လည်ပတ်၍ ဝါကြိတ်ခွဲနေမှုကို ကြည့်ရှုစစ်ဆေးသည်။



မှာကြား

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်မီးမရရှိသည့်ဒေသများရှိ တောင်သူများအနေဖြင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် ဝါများကြိတ်ခွဲနိုင်ရေးအတွက် စမ်းသပ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဝါစိုက်ပျိုးတောင်သူများအနေဖြင့် ထွက်ရှိသည့်ဝါများကို တိုက်ရိုက်ရောင်းချခြင်းထက် ဝါကြိတ်စက်ဖြင့်ကြိတ်ခွဲပြီး ဝါဂွမ်းပြုလုပ်ရောင်းချပါက အကျိုးအမြတ်ပိုမိုရရှိမည်ဖြစ်၍ အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ကြိတ်ခွဲခြင်းဖြင့် အဆင့်မီဝါဂွမ်းများရရှိပြီး ချည်များထုတ်လုပ်ပါက ချည်များ၏အရည်အသွေးများ ပိုမိုကောင်းမွန်စေမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ အဆင့်မီချည်များ ထုတ်လုပ်နိုင်ပါက ပြည်ပမှ ချည်တင်သွင်းရမှုကို လျှော့ချနိုင်မည့်အပြင် အဆင့်မီပိတ်များ ရက်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ဝါစိုက်တောင်သူများအနေဖြင့် ဝါကြိတ်ခွဲခြင်းလုပ်ငန်းများကို ကိုယ်တိုင်ဆောင်ရွက်နိုင်ခြင်းဖြင့် ဝင်ငွေတိုးတက်လာပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ကာ အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်သောကြောင့် ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ယခုစမ်းသပ်လည်ပတ်သည့် ကြိတ်လုံး နှစ်လုံးတပ် ဝါကြိတ်စက်သည် အိန္ဒိယနိုင်ငံထုတ် Bajaj အမျိုးအစားဖြစ်ပြီး တစ်နေ့လျှင် ဝါပိဿာ ၆၀၀ ကျော် ကြိတ်ခွဲထုတ်လုပ်နိုင်ကာ ကြိတ်လုံး နှစ်လုံးတပ် ဝါကြိတ်စက်များကို နေရောင်ခြည်စွမ်းအင်ဖြင့် လည်ပတ်နိုင်ရေးအတွက် ဆိုလာတစ်ချပ်လျှင် ၆၆၅ ဝပ် ထွက်ရှိသည့်ဆိုလာပြား ၁၄ ချပ် တွဲဆက်ပြီး ၇ ဒသမ ၅ ကီလိုဝပ် ဟိုက်ဘရစ်အင်ဗာတာ အသုံးပြု၍ ဝါကြိတ်စက်ကို စမ်းသပ်ဝါကြိတ်ခွဲနေခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ကျောက်ဆည်ခရိုင် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်

**မန္တလေး စက်တင်ဘာ ၂၆**

မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ၏ လမ်းညွှန်မှုဖြင့် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျောက်ဆည်မြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဦးစီးဌာန တိုင်းဦးစီးမှူး၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများရိုက်ကူးကြပြီး ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့၊ ကရာတေးအဖွဲ့၊ ကျောက်ဆည်ဆင်အကအဖွဲ့တို့အား ဂုဏ်ပြုငွေများ ချီးမြှင့်ပြီးနောက် အခမ်းအနားကို အဆိုပါကျောင်းရှိ စုဝေးခန်းမတွင် ဆက်လက်ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက အလှဆုံးပန်းများ ပွင့်ကြပြီ သီချင်းဖြင့်သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ နိုင်ငံ့အကျိုးတွက် မျှော်မှန်းရည် ခိုင်မာတိုးတက်စေရမည် Video Clip အား ပြသခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များအတွက် အဓိကရည်ရွယ်၍ ကျင်းပပေးခြင်းဖြစ်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ၏ လမ်းညွှန်ထောက်ပံ့မှုတို့ဖြင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်များကို ၂၀၂၄ ခုနှစ် ဇွန်လမှစ၍ ဒီဇင်ဘာလအထိ (၁၂)ကြိမ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယနေ့ ကျင်းပမှုသည် တိုင်းဒေသကြီး အတွင်း ဆဋ္ဌမအကြိမ်မြောက် ကျင်းပသည့် ပွဲတော်ဖြစ်ပါကြောင်း၊ နိုင်ငံတော်က စာကြည့်တိုက်များ အသစ်ထပ်မံတည်ဆောက်ပေးခြင်း၊ စာကြည့်တိုက်အဟောင်းများကို ပြုပြင်မွမ်းမံပြင်ဆင်ပေးခြင်း၊ စာအုပ်စာစောင်များ ဖြည့်ဆည်းပေးခြင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပပေးခြင်းများကို အလေးထားဆောင်ရွက်ပေးနေပါကြောင်း၊ စာပေ၏တန်ဖိုးသည် အလွန်အရေးကြီးပါကြောင်း၊ ဘဝအောင်မြင်ရေးအတွက် အထောက်အပံ့ပေးသလို အသိဉာဏ်ပညာကိုလည်း ဖွံ့ဖြိုးတိုးတက်စေပါကြောင်း၊ စာတတ်ရုံ၊ အတတ်ပညာပြည့်ဝရုံသာမက

**စာမျက်နှာ ၅ သို့ ■**













■ စာမျက်နှာ ၄ မှ

စဉ်းစားတွေးခေါ်ဉာဏ်နှင့် အသိပညာပြည့်ဝပြီး ဗလငါးတန်နှင့် ပြည့်ဝသည့် လူငယ်များပေါ် ထွက်လာစေရေး၊ တိုင်းပြည်အတွက် တန်ဖိုးထားရသည့် အနာဂတ်ခေါင်းဆောင်များ ပေါ်ထွန်းလာရေးတို့အတွက် အားလုံးက ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများမှ ပညာဘဏ်တိုက် စာကြည့်တိုက်သို့သွားကြစို့၊ လောကအားမာန်၊ စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်၊ ဘက်စုံပညာကိုရည် တို့လှမ်းချီ သီချင်းများဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေး၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က ကပြဖျော်ဖြေခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူအဖွဲ့အား ဂုဏ်ပြုငွေများကို ချီးမြှင့်ပြီးနောက် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းစာကြည့်တိုက်အတွက် ပေးအပ်လှူဒါန်းသည့် စာအုပ်များကို တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဝေဝေဖြိုးက ကျောင်းအုပ်ဆရာမကြီးထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြပွဲ၊ ပြိုင်ပွဲများ၊ ခင်းကျင်းပြသထားသည့် စာအုပ်၊ စာစောင်များနှင့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)











သတင်း-စာမျက်နှာ ၄



















# မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကြီးမှူး၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်ခြင်း (၇၅)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၆**

မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးက ကြီးမှူး၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်ခြင်း (၇၅) နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် မစ္စ ကောင်းဖျင် (Ms. Gao Ping) အား ကြိုဆိုဧည့်ခံပွဲ အခမ်းအနားကို ယနေ့ညပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေးဟိုတယ်တွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် မစ္စ ကောင်းဖျင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တရုတ်ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။




ဂုဏ်ပြုဧည့်ခံပွဲ၌ တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး နှစ်နိုင်ငံ၏ နိုင်ငံတော် သီချင်းများဖွင့်လှစ်၍အခမ်းအနားကိုစတင်ခဲ့ပြီး တရုတ်-မြန်မာနှစ်နိုင်ငံချစ်ကြည်ရေး Video clip ကို ကြည့်ရှုအားပေးပြီးနောက် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် မစ္စ ကောင်းဖျင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ခြင်း (၇၅)နှစ်ပြည့်အထိမ်းအမှတ် ဂုဏ်ပြုနှုတ်ခွန်းဆက်စကားကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုစကားနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အေးချမ်းသာယာပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်တောင်းစကားတို့ကိုလည်းကောင်း ပြောကြားခဲ့ပြီး ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

ဝ-ဝ-ဝ-ဝ-ဝ



## ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်းများအား စားသောက်ကုန်များ ထောက်ပံ့

**မန္တလေး စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးတွင် ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်း ၉၀ ဦးတို့အား စားသောက်ကုန် ဖြစ်သည့် စားသုံးဆီများ ထောက်ပံ့ပေးအပ်ပွဲကို စက်တင်ဘာ ၂၄ ရက်က ပြုလုပ်ခဲ့သည်။

ထောက်ပံ့ပေးအပ်ပွဲတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်က ထောက်ပံ့ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်နှင့် ဒုတိယတိုင်းဒေသကြီး ဥပဒေအရာရှိ၊ လက်ထောက် တိုင်းဒေသကြီး ဥပဒေအရာရှိတို့က မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ သပိတ်ကျင်းခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ မိုးကုတ်မြို့နယ်၊ စဉ့်ကူးမြို့နယ်၊ မတ္တရာမြို့နယ်၊ နွားထိုးကြီးမြို့နယ်၊ တောင်သာမြို့နယ်ဥပဒေရုံးအဆင့်ဆင့်မှ အရာထမ်း၊ အမှုထမ်း ၉၀ ဦးတို့အား စားသုံးဆီ နှစ်ပိဿာစီ အခမဲ့ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

## (၁၀၇)ကြိမ်မြောက် သွေးလှူဒါန်း



**မန္တလေး စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး အဝေးပြေးယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီမှ ဝန်ထမ်း ဦးအောင်သန့်(လူမှုထူးချွန် တတိယဆင့်)သည် ယနေ့နံနက်ပိုင်းက ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး သွေးလှူဘဏ်တွင် ကလေးများအတွက်(၁၀၇) ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**(ကဆ)**

## တံတားဦးမြို့နယ်၊ ကျောက်ကန်ကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**တံတားဦး စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် မိုးနှံခြုံကျေးရွာအုပ်စု၊ ကျောက်ကန်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ရှေးဦးစွာ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျောက်ကန်ကျေးရွာကုန်ထုတ်လမ်း အရှည်တစ်မိုင်၊ အကျယ် ၁၂ ပေ မြေသား နှစ်ပေ၊ ဂျင်းမြေ ကိုးလက်မ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးစီးမှုလုပ်ငန်းများကို ရေရှည်ကောင်းမွန်စွာသွားလာနိုင်ရေးအတွက် ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ကြောင်းမှာကြားသည်။

**(အောက်ဝဲပုံ)**



အဆိုပါ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆၉ ဒသမ ၄၆၁ သန်းဖြင့် ကုန်ထုတ်လမ်း တစ်မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းအား တင်ဒါအောင်မြင်သည့် Unique Design ကုမ္ပဏီမှ ဇွန်လပထမအပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၁၀၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ကြောင်း အဆိုပါကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီး၍ ကျောက်ကန်ကျေးရွာမှ တောင်သူများ လယ်ယာထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ် သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း တံတားဦးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **(ဝ၄ဝ)**

## သက်ရှည်ကျန်းမာဖို့ နေ့စဉ်လမ်းလျှောက်ကြစို့

၁။ ခန္ဓာကိုယ်နှင့် စိတ်ဓာတ်ကျန်းမာကြံ့ခိုင်လာစေသည်။
၂။ သက်လုံကောင်း၍ အမောခံနိုင်သည်။
၃။ အဆီလျော့ကျ၍ အဝမလွန်အောင် ထိန်းပေးနိုင်သည်။
၄။ ဦးနှောက်နှင့် အာရုံကြောအားကောင်း၍ ဉာဏ်ရည်ထက်မြက်စေသည်။
၅။ ကိုယ်ခံစွမ်းအား မြင့်တက်စေပြီး ရောဂါများကို ကာကွယ်ပေးနိုင်သည်။
၆။ အကြော၊ အချဉ်၊ အရွတ်များကို ပျော့ပျောင်းစေ၍ လူကို ဖျတ်လတ်ပေါ့ပါးစေနိုင်သည်။
၇။ သွေးလည်ပတ်မှု ကောင်းမွန်ပြီး အိပ်ပျော်၊ စားဝင်စေသည်။
၈။ စိတ်ဖိစီးမှုလျော့နည်းစေ၍ ကြည်လင်လန်းဆန်းစေသည်။
၉။ နေ့စဉ်ပုံမှန် မိနစ်(၃၀)ခန့် လမ်းလျှောက်ပေးခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော ဘဝကို ပိုင်ဆိုင်စေနိုင်သည်။

**အားကစားနှင့်ကာယပညာဦးစီးဌာန**

# ကြွေးနွံနစ်နေဆဲဖြစ်သော ပါကစ္စတန်နိုင်ငံအတွက် အိုင်အမ်အက်ဖ်က ဒေါ်လာ သန်း ၇၀၀၀ ချေးပေးမည်



**အစ္စလမ္မာဘတ် စက်တင်ဘာ ၂၆**

ကြွေးနွံနစ်နေဆဲဖြစ်သော ပါကစ္စတန်နိုင်ငံအတွက် အိုင်အမ်အက်ဖ်ဟု အတိုခေါ်ဝေါ်သော အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့က ဒေါ်လာ သန်း ၇၀၀၀ ချေးပေးမည်ဖြစ်သည်ဟု စက်တင်ဘာ ၂၅ ရက်က ထုတ်ပြန်ကြေညာကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

နောက်ဆုံးချေးယူသောငွေဖြစ်သည်ဟု ပါကစ္စတန်အစိုးရက အတည်ပြုကာ အိုင်အမ်အက်ဖ်အနေဖြင့် ချေးပေးရန် ပန်ကြားခဲ့သည်။

ထိုပန်ကြားချက်ကို အဆိုပါငွေကြေးအဖွဲ့အစည်းက လက်ခံပြီးနောက် ချေးငွေထုတ်ပေးရန် ညွှန်ကြားရေးမှူး ခရစ်စတာလီနာ ဂျော်ဂျီယေဗာက ခွင့်ပြုလိုက်ခြင်းဖြစ်သည်။

ယင်းချေးငွေအနက်မှ ပထမအရစ်အဖြစ် အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ ကို ချက်ချင်းထုတ်ချေးပေးသွားမည်ဟု ဆိုသည်။

ပါကစ္စတန်နိုင်ငံအနေဖြင့် ၁၉၅၈ ခုနှစ်နောက်ပိုင်းတွင် အိုင်အမ်အက်ဖ်မှ ငွေချေးယူခဲ့ရသည်မှာ အကြိမ် ၂၀ ကျော် ရှိနေပြီဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0



# ကမ္ဘာ့ဈေးကွက်တွင် လီသီယမ်ဈေးကျသဖြင့် ဩစတြေးလျသတ္တုတွင်းလုပ်ငန်းများ ထိခိုက်နစ်နာ

**ကင်ဘာရာ စက်တင်ဘာ ၂၆**

ကမ္ဘာ့ဈေးကွက်တွင် လီသီယမ်ဈေးကျသဖြင့် ဩစတြေးလျသတ္တုတွင်းလုပ်ငန်းများ အကျိုးအမြတ်ထိခိုက်နစ်နာလျက်ရှိကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

တစ်ကမ္ဘာလုံးတွင် ယခုနှစ်အတွင်း လျှပ်စစ်ကားအရောင်းပမာဏ ကျဆင်းသွားခဲ့ရာမှ လျှပ်စစ်ကားဘက်ထရီတွင် အဓိကသုံးရသော လီသီယမ်ဝယ်လိုအားကျဆင်းသွားခဲ့သည်။

သို့ဖြစ်ရာ အကျိုးဆက်အားဖြင့် ကမ္ဘာ့ဒုတိယအကြီးဆုံး လီသီယမ်ထွက်ရှိသည့် ဩစတြေးလျနိုင်ငံတွင် လီသီယမ်သတ္တု တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းအချို့ ယာယီရပ်တန့်ထားရကြောင်း သိရသည်။

**Mon**




# ဟယ်လင်းဟာရီကိန်းမုန်တိုင်း ဝင်ရောက်မလာမီ အမေရိကန်အရှေ့တောင်ပိုင်း၌ ကြိုတင်ပြင်ဆင်ခဲ့

**ဝါရှင်တန် စက်တင်ဘာ ၂၆**

ဟယ်လင်းဟု အမည်ရသော ဟာရီကိန်းမုန်တိုင်း ဝင်ရောက်မလာမီ အမေရိကန်ပြည်ထောင်စုအရှေ့တောင်ပိုင်း၌ ကြိုတင်ပြင်ဆင်ထားခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အဆိုပါမုန်တိုင်းသည် အမေရိကန်ပင်လယ်ကွေ့ကမ်းရိုးတန်းဘက်သို့ ဟာရီကိန်းအဆင့်(၄)အထိ အင်အားပြင်းထန်စွာဖြင့် ဝင်ရောက်လာမည်ဖြစ်ကြောင်း မုန်တိုင်းပညာရှင်များ တွက်ချက်ခန့်မှန်းထားသည်။

ဖလော်ရီဒါ၊ ဂျော်ဂျီယာ၊ မြောက်ကယ်ရိုလိုင်းနား၊ တောင်ကယ်ရိုလိုင်းနား၊ ဗာဂျီးနီးယားပြည်နယ်များတွင် သက်ဆိုင်ရာပြည်နယ်အုပ်ချုပ်ရေးမှူးများက အရေးပေါ်အခြေအနေ ကြိုတင်သတ်မှတ်ကြေညာခဲ့သည်။

မက္ကဆီကိုနိုင်ငံဘက်မှ ရွေ့လျားလာသော မုန်တိုင်းသည် အသွင်ပြောင်းလဲပြီး အမေရိကန်အရှေ့တောင်ဘက်ကမ်းရိုးတန်းကို ဖြတ်သန်းလာမည့်သဘောဖြစ်သည်ဟု မုန်တိုင်းပညာရှင်များက ရှင်းပြကြောင်းသိရသည်။

**Mon**

0-0-0-0-0



ဗီယက်နမ်သမ္မတ တူလမ်အား အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် နယူးယောက်မြို့၌ စက်တင်ဘာ ၂၅ ရက်က လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေးကိစ္စ ဆွေးနွေးနေစဉ်။

**Mon**





# အင်တာနက်လူမှုကွန်ရက် တိုးမြှင့်သုံးစွဲလာကြရာမှ ဆယ်ကျော်သက်အရွယ်များ စိတ်ကျန်းမာရေး ထိခိုက်

**လန်ဒန် စက်တင်ဘာ ၂၆**

ယနေ့ခေတ်တွင် အင်တာနက်လူမှုကွန်ရက် တိုးမြှင့်သုံးစွဲလာကြရာမှ အထူးသဖြင့် ဆယ်ကျော်သက်အရွယ် ကလေးသူငယ်များ စိတ်ကျန်းမာရေး ထိခိုက်လျက်ရှိသည်ဟု ဗြိတိန်နိုင်ငံမှ သုတေသီများ မကြာသေးမီက တွေ့ရှိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

နိုင်ငံပေါင်း ၄၄ နိုင်ငံမှ ကျောင်းနေအရွယ် အသက် ၁၁ နှစ်မှ ၁၅ နှစ်အထိ ဆယ်ကျော်သက် ကလေးသူငယ်ပေါင်း ၂၈၀၀၀၀ ဦးခန့်တို့၏ ကျန်းမာရေးဆိုင်ရာ အပြုအမူများကို ထိုသုတေသီများ နှိုင်းယှဉ်လေ့လာခဲ့ကြခြင်း ဖြစ်သည်။

၂၀၁၈ ခုနှစ်က လူမှုကွန်ရက်များကြောင့် ဖြစ်ပွားခဲ့သော စိတ်ပိုင်းဆိုင်ရာပြဿနာ ၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် ၁၁ ရာခိုင်နှုန်းအထိ တိုးလာခဲ့ကြောင်း သိရသည်။

**Mon**

# နော်ဝေနိုင်ငံ၏ ပင်လယ်ရေနက်ပိုင်း သတ္တုတူးဖော်ရေး ဂရင်းပိစ်အဖွဲ့က ကန့်ကွက်ပြီး အတိအလင်းသတိပေး

**အော်စလို စက်တင်ဘာ ၂၆**

နော်ဝေနိုင်ငံ၏ ပင်လယ်ရေနက်ပိုင်းသတ္တုတူးဖော်ရေးနှင့် ပတ်သက်၍ စက်တင်ဘာ ၂၀ ရက်တွင် ဂရင်းပိစ်အဖွဲ့က ကန့်ကွက်ပြီး အတိအလင်းသတိပေးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အာတိတ်ဒေသ၏ ပင်လယ်ကြမ်းပြင်အောက်ပိုင်းသို့ တူးဖော်ကာ သတ္တုရှာဖွေနေခြင်းသည် သက်ရှိရတနာပစ္စည်းများကို ထိခိုက်ပျက်စီးစေမည်ဖြစ်ကြောင်း ဂရင်းပိစ်အဖွဲ့က သတိပေးခြင်းဖြစ်သည်။

ပင်လယ်ရေနက်ပိုင်း သတ္တုတွင်း တူးဖော်ခြင်းဟာ ရေအောက်ဂေဟာစနစ်တွေကို ထာဝရထိခိုက်ပျက်စီးစေပါလိမ့်မယ်၊ ပျက်စီးသွားတဲ့ နေရာတွေကို အပြည့်အဝပြန်ကောင်းလာအောင်လုပ်ဖို့လည်း ဖြစ်နိုင်တော့မှာမဟုတ်ပါဘူးဟု ဂရင်းပိစ်အဖွဲ့၏ သုတေသနမှူး ခရစ္စတင်ယန်းက ရှင်းလင်းပြောပြသည်။

နော်ဝေနိုင်ငံရဲ့ လုပ်ရပ်တွေဟာ ရေအောက်က သတ္တဝါမျိုးစိတ်တွေကို တိုက်ရိုက်ခြိမ်းခြောက်ရုံသာမကဘဲ ဝေလငါးကြီးတွေရဲ့ အသေးငယ်ဆုံး စားကျက်မှာရှိတဲ့ ဂေဟာစနစ်ကိုလည်း ပိုမိုယိုယွင်းပျက်စီးစေနိုင်ပါတယ်ဟုလည်း ၎င်းက ဝေဖန်ထောက်ပြကြောင်း သိရသည်။

**Mon**

0-0-0-0-0



# အသက် ၈၈ နှစ်အရွယ် အိဝအောဟာကမဒ သေဒဏ်ကျခံထားရသောအမှုမှ လွတ်မြောက်

**တိုကျို စက်တင်ဘာ ၂၆**

အသက် ၈၈ နှစ်အရွယ် အိဝအောဟာကမဒ သေဒဏ်ကျခံထားရသောအမှုမှ လွတ်မြောက်သွားပြီဖြစ်သဖြင့် အသက် ၉၁ နှစ်အရွယ် အစ်မဖြစ်သူ ဟီဒဲကောနှင့် ၎င်းဘက်မှ ရပ်တည်ပေးခဲ့ကြသူများ ဝမ်းမြောက်နေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အိဝအောဟာကမဒသည် ၁၉၆၈ ခုနှစ်က လေးလောင်းပြိုင်လူသတ်မှုနှင့် မီးရှို့အလောင်းဖျောက်ဖျက်မှု ကျူးလွန်သည်ဟု စွပ်စွဲခံခဲ့ရသည်။

ထိုအမှုများကို မိမိကျူးလွန်ခဲ့ခြင်းမရှိဟု အစပိုင်းတွင် ၎င်းက အခိုင်အမာငြင်းဆိုသော်လည်း အလီဘိုင်မပြနိုင်သည်ကို အကြောင်းပြု၍ ရဲက ဖိအားပေးဝန်ခံခိုင်းရာမှ နောက်ဆုံးတွင် ဝန်ခံခဲ့ပြီး သေဒဏ်ချမှတ်ခံခဲ့ရသည်။

အစ်မဖြစ်သူက ရှေ့နေငှားပြီး ၎င်းဘက်မှ အကြိမ်ကြိမ်အယူခံဝင်ကာ လျှောက်လဲခဲ့သည့်အပြင် အမှုမှန်ဖော်ထုတ်နိုင်ရန် ဆက်လက်စုံစမ်းစစ်ဆေးစေခဲ့သည်။

ထိုအစ်မက နှစ်ပေါင်းများစွာကြာသည်အထိ မောင်ဖြစ်သူဘက်မှ ရပ်တည်ပြီး အမှုမှန်ပေါ်ပေါက်အောင် ဇွဲမလျှော့စတမ်း ဆောင်ရွက်ပေးခဲ့သဖြင့် နောက်ဆုံးတွင် အိဝအောဟာကမဒ အမှုမှ တရားသေလွတ်မြောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0





## မူးယစ်ဆေးဝါးအန္တရာယ်နှင့် HIV /AIDS ရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် အခြေခံပညာဦးစီး ဌာနနှင့် မြန်မာနိုင်ငံမူးယစ်ဆေး ဝါးသုံးစွဲမှု ပပျောက်ရေးအသင်း ခွဲ ခရိုင်ပညာရေးမှူးရုံး မိတ္ထီလာ ခရိုင်တို့ ပူးပေါင်းကျင်းပသည့် မူး ယစ်ဆေးဝါးအန္တရာယ်နှင့် HIV/ AIDS ရောဂါကြိုတင် ကာကွယ် ရေးအသိပညာပေးဟောပြောပွဲကို စက်တင်ဘာ၂၄ရက် နံနက်ပိုင်းက ဝမ်းတွင်းမြို့ အောင်ဆုကိုယ်ပိုင် အထက်တန်းကျောင်းတွင် ကျင်းပ သည်။ (ဝဲပုံ)

ဟောပြောပွဲတွင် ကျောင်း တာဝန်ခံဦးဝင်းစိုးက အဖွင့်အမှာ စကားပြောကြားသည်။ထို့နောက် အသင်းဥက္ကဋ္ဌ ဦးထွန်းရီက မူး ယစ်ဆေးဝါးသမိုင်းကြောင်းနှင့် ဆိုးကျိုးအန္တရာယ်အကြောင်းကို ဟောပြောပြီး အသင်းအမှုဆောင် ဦးဇော်ဝင်းထွန်းက HIV/AIDS ရောဂါအကြောင်းကို အသိပညာ ပေးဟောပြောခဲ့ကြောင်း သိရ သည်။ (၀၇၀)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## စိတ်ပြောင်းဆေးဝါး Happy Water များ ဖမ်းဆီးရမိ



**နေပြည်တော် စက်တင်ဘာ၂၆**

မူးယစ်ဆေးဝါး တားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် များ ပါဝင်သော ပူးပေါင်းအဖွဲ့ သည် သတင်းအရ သက်သေ များနှင့်အတူ စက်တင်ဘာ ၂၁ရက် ညနေ ၅နာရီ မိနစ် ၅၀ က တောင်ကြီးမြို့၊ အေးသာယာ ရပ်ကွက်ရှိ ကားဂိတ်တွင် မော် တော်ဆိုင်ကယ်နှင့် ပါဆယ်ပစ္စည်း လာရောက်ထုတ်ယူသူ မျိုးကျော် အား စစ်ဆေးရာဖွေရာ ၄င်း ထုတ်ယူသည့် စက္ကူဂျပ်ဖာ အတွင်းမှ စိတ်ပြောင်းဆေးဝါး Happy Water အလေးချိန် ၁ ဒသမ ၇၅ ကီလိုနှင့် လက်ကိုင် ဖုန်းတစ်လုံးတို့အား တွေ့ရှိ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက် ဖော်ထုတ်ချက်အရ စက်တင်ဘာ ၂၂ရက် ၂နာရီတွင် အဆိုပါ စိတ် ပြောင်းဆေးဝါးများ သယ်ဆောင် ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင် သူ မောင်မောင်နေမိုး(ခ)မောင် မောင်ဆိုသူအား အောင်ပန်းမြို့၊ မင်္ဂလာကန်အနီးတွင် LIGHT TRUCK အမျိုးအစား မော်တော် ယာဉ်တစ်စီး၊ လက်ကိုင်ဖုန်းတစ် လုံးတို့နှင့်အတူ ထပ်မံဖမ်းဆီးရ မိခဲ့သဖြင့် မျိုးကျော် (၂၁)နှစ်နှင့် မောင်မောင်နေမိုး(ခ) မောင် မောင်(၅၅)နှစ်ဆိုသူတို့အား အေး သာယာနယ်မြေရဲစခန်းတွင် မူး ယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်း လဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထား ရှိပြီး ကွင်းဆက်များ ဖော်ထုတ် လျက်ရှိသည်။ (အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## ပြင်ဦးလွင်မြို့ရပ်ကွက်ကြီး(၆)တွင် မီးလောင်မှုဖြစ်ပွား

**ပြင်ဦးလွင် စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ သစ်တော လမ်းမှ နေအိမ်ခြံဝင်းအတွင်းရှိ ပစ္စည်းဟောင်းများ သိုလှောင် ထားသည့် အဆောက်အအုံ အတွင်း၌ ယာယီသွယ်တန်းထား လျှပ်စစ်ဝါယာ ကြိုးပေါက်ပြီး မီးလောင်မှု စက်တင်ဘာ၂၅ရက် မွန်းလွဲ ၂နာရီက ဖြစ်ပွားခဲ့ သည်။

မီးလောင်ရာသို့ ပြင်ဦးလွင် ခရိုင် မီးသတ်ဦးစခန်းလက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်ဆန်း ဦးစီး၍ မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး သည် မီးငြိမ်းသတ်ယာဉ်တစ်စီး၊ မီးသတ်ရေသယ်ယာဉ်တစ်ဦး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးငြိမ်း ချမ်းအောင်နှင့်သန္တေ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်၆ဦးသည် မီး ငြိမ်းသတ်ယာဉ်တစ်စီးဖြင့် ဝိုင်း ဝန်း၍ မီးငြိမ်းသတ်ခဲ့သည်။

မီးလောင်မှုကြောင့် ၁၅× ၂၀ပေ၊ ထရံကာ၊ ပျဉ်ခင်း၊ သွပ် မိုး၊ တစ်ထပ်အဆောက်အအုံနှင့် စက္ကူဂျပ်ဖာများ မီးလောင်ဆုံးရှုံး ခဲ့သဖြင့် မီးပေါ့ဆစွာသုံးစွဲသူ နေ အိမ်ပိုင်ရှင်အား ပြင်ဦးလွင်မြို့မ ရဲစခန်းတွင် ဥပဒေနှင့်အညီ အရေး ယူဆောင်ရွက်ထားကြောင်း သိ ရသည်။ (အပေါ်ပုံ)

(၀၅၇)

* - * - *

## ပျော်ဘွယ်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ၂၆**

မူးယစ်ဆေးဝါးတား ဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် များ ပါဝင်သော ပူးပေါင်းအဖွဲ့ သည် သက်သေများနှင့်အတူ စက်တင်ဘာ ၂၄ ရက် မွန်းတည့် ၁၂ နာရီကပျော်ဘွယ်မြို့နယ်၊ မြင်း ဘက်ရပ်ကွက်တွင် မသင်္ကာဖွယ် တွေ့ရှိသူ ညိုမှီ(ခ)မိဖားဆိုသူ အား စစ်ဆေးရာဖွေရာ ၄င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂,၄၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သ ဖြင့် ညိုမှီ(ခ)မိဖား (၄၁)နှစ်ဆို သူအား ပျော်ဘွယ်မြို့မရဲစခန်း တွင် မူးယစ်ဆေးဝါးနှင့် စိတ် ကိုပြောင်းလဲစေသော ဆေးဝါး များဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက် များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ (ယာပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## ဆိုင်ကယ်စီးသူအမျိုးသားအား စိတ်ပြောင်းဆေးဝါးများနှင့် ဖမ်းမိ



**မန္တလေး စက်တင်ဘာ ၂၆**

မန္တလေး၊ ချမ်းမြသာစည်မြို့ နယ်၊ ထွန်းတိုးရပ်ကွက်၊ (၅၅) လမ်း၊ (၁၁၀-C)နှင့်(၁၁၀-D) လမ်းကြားတွင် ဆိုင်ကယ်စီးသူ အမျိုးသားအားစစ်ဆေးရာမှ စိတ် ပြောင်းဆေးဝါးများ တွေ့ရှိရ သဖြင့် ဥပဒေနှင့်အညီအရေးယူ ဆောင်ရွက်ထားသည်။(အပေါ်ပုံ)

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၀ရက် ည၇နာရီခွဲက မူးယစ်ရဲ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် တားဆီးနှိမ်နင်းရေး လုပ်ငန်းများဆောင်ရွက်စဉ် ထွန်း တိုးရပ်ကွက်၊ (၅၅)လမ်း၊ (၁၁၀-C)နှင့် (၁၁၀-D)လမ်း ကြားတွင်ဆိုင်ကယ်စီးလာသူ ရဲ ဝဏ္ဏအောင်ဆိုသူအား စစ်ဆေး ရာမှ စိတ်ပြောင်းဆေးဝါး Hap- py Water အလေးချိန် ဂရမ်(၁၀၀) အား သိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် မူးယစ်တပ်ဖွဲ့ဝင် များသည် ရဲဝဏ္ဏအောင်၏ ထွက် ဆိုဖြင့် ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်နေအိမ် အား အသိသက်သေများဖြင့် သွားရောက်ရှာဖွေရာမှ နေအိမ် အတွင်း ပလတ်စတစ်ကပ်ခွာ အိတ်များဖြင့်ထည့်လျက် စိတ် ပြောင်းဆေးဝါး ကတ်တမင်း အလေးချိန်(၁၁)ဂရမ်အား တွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ စိတ်ပြောင်းဆေး ဝါးများအား သုံးစွဲဖြန့်ဖြူးရောင်း ချရန် လက်ဝယ်ထားရှိသူ ရဲဝဏ္ဏ အောင်(၂၈)နှစ်ဆိုသူအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်း လဲစေတတ်သော ဆေးဝါးများ ဆိုင်ရာဥပဒေပုဒ်မဖြင့် အရေးယူ ထားပြီး အမှုကွင်းဆက်များ စစ် ဆေးလျက်ရှိကြောင်း သိရသည်။

(၀၅၇)

## မိုးရွာသွန်း၍ လမ်းချော်ပြီး လိုက်ထရပ်ယာဉ် တိမ်းမှောက်

**စစ်ကိုင်း စက်တင်ဘာ ၂၆**

စစ်ကိုင်းမြို့နယ်၊ ဆွမ်းဦး ပုညရှင်ဘုရားတောင်တက်လမ်း တွင် စက်တင်ဘာ၂၄ရက် နံနက် ၁၀နာရီခန့်က ရွှေဘိုမြို့မှ အလှူ လုပ်ရန်လာရောက်သည့် လိုက် ထရပ်ယာဉ်တစ်စီး မကိုင်ရွာ‌ကွေ့ အနီးတွင် မိုးရွာသွန်းထားသဖြင့် လမ်းချော်ပြီး ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။ (အောက်ပုံ)

ယာဉ်တိမ်းမှောက်မှုဖြစ်ပွား ရာသို့ စစ်ကိုင်းမြို့နယ် မီးသတ် စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ ရှာဖွေကယ်ဆယ်ရေးသန္တေ မီး သတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံ ပြည်သူများက လာရောက်ကူညီ ဆောင်ရွက်ပေးခဲ့ကြသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ အမျိုးသား၊ အမျိုး သမီးများအနက် အသက် ၄၅နှစ် အရွယ်အမျိုးသမီးတစ်ဦး (မစိုး ရိမ်ရ) ဒဏ်ရာရရှိခဲ့ပြီး လူမှုကူညီ ရေးအသင်းယာဉ်ဖြင့် စစ်ကိုင်း ခုတင်၂၀၀ ဆံ့ဆေးရုံကြီးသို့ ပို့ ဆောင်ကူညီပေးခဲ့ကြောင်း သိရ သည်။ (၀၄၅)



# တနင်္သာရီတိုင်းဒေသကြီး ရေး-ထားဝယ်ရထားလမ်းပိုင်းအတွင်း ထားဝယ်မြို့နယ် ရေဖြူနှင့်ထားဝယ်ဘူတာအကြား တံတားအမှတ်(၆၀၆) မောင်မယ်ရှောင်တံတားအား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းခွဲဖျက်ဆီး

နေပြည်တော် စက်တင်ဘာ ၂၆

တနင်္သာရီတိုင်းဒေသကြီး ရေး-ထားဝယ်ရထားလမ်းပိုင်းအတွင်း ထားဝယ်မြို့နယ် ရေဖြူဘူတာနှင့် ထားဝယ်ဘူတာအကြား မိုင်တိုင်အမှတ် ၃၆၄/၁၁-၁၂ ရှိ တံတားအမှတ်(၆၀၆) မောင်မယ်ရှောင်တံတားအား စက်တင်ဘာ ၂၅ ရက် ညနေပိုင်းတွင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းခွဲဖျက်ဆီးမှုကြောင့် တံတား၏ အောက်ခံကန့်လန့်ဖြတ်သံပေါင်နှစ်ချောင်း၊ အလျားလိုက်သံပေါင်နှစ်ချောင်း၊ ၇၅ ပေါင်သံလမ်းနှစ်ချောင်း၊ သံလမ်းထိန်း Guard Rail နှစ်ချောင်းနှင့် တံတားအထူးသစ်သားဇလီဖားများပျက်စီးဆုံးရှုံးခဲ့ကြောင်းနှင့် ပျက်စီးချို့ယွင်းမှုများကို အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

### ကျူးလွန်

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ/ဖျက်ဆီးခြင်း ၇၉ ကြိမ်၊ ရထားတံတား/သံလမ်းများအား မိုင်းခွဲဖျက်ဆီးခြင်း ၁၇၂ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၁၆ ကြိမ် ကျူးလွန်ခဲ့ကြသည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင်ရထားစက်ခေါင်းနှင့် တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့် ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှုမရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ အကြိမ်ကြိမ် ကျူးလွန်ဖျက်ဆီးနေကြခြင်းဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက်အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ရေး-ထားဝယ်ရထားလမ်းပိုင်းအတွင်း တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ရေဖြူနှင့် ထားဝယ်ဘူတာအကြား တံတားအမှတ်(၆၀၆) မောင်မယ်ရှောင်တံတား မိုင်းခွဲဖျက်ဆီးခံထားရမှုမှတ်တမ်းဓာတ်ပုံများ။





# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၂၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

### အမှုဖွင့်လှစ်အရေးယူ

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၂၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "@..thuar.minzaw" Tiktok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၃)ရပ်ကွက်နေ သူရဇော်ဦး(ခ)ကထီးအား နံနက် ၉ နာရီ ၃၅ မိနစ်တွင် ရွှေပြည်သာမြို့မရဲစခန်း၌ တရားဥပဒေနှင့် အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# လှိုင်ကော်မြို့ ရေဘေးကူညီမှုများကို ထိန်းချုပ်ထားကြောင်း သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၆

ကရင်နီပြည်နယ် လှိုင်ကော်မြို့ ရေဘေး ကူညီထောက်ပံ့သည့် ပစ္စည်းများကို ထိန်းချုပ်ထားကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

### လုပ်ကြံရေးသားဝါဒဖြန့်

အဆိုပါသတင်းနှင့်ပတ်သက်၍ လှိုင်ကော်မြို့ ရေဘေးကူညီထောက်ပံ့ရေးလုပ်ငန်းစဉ်များကို လှိုင်ကော်မြို့ရှိ တာဝန်ရှိသူများက စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ စေတနာရှင်/ အလှူရှင်များက လှူဒါန်းသည့် ထောက်ပံ့ရေးပစ္စည်းများကို အမှန်တကယ်လိုအပ်လျက်ရှိသည့် ရေဘေးသင့်ပြည်သူများထံသို့ နည်းလမ်းမျိုးစုံဖြင့် ပေးပို့လျက်ရှိကြောင်းနှင့် တရားမဝင် ပြည်ဖျက်မီဒီယာများက ထိုသို့ရေဘေးကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးနေမှုများကို ပြည်သူများက အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားပြီး ဝါဒဖြန့်နေ




ကြောင်း လှိုင်ကော်မြို့ ရေဘေးကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

သတင်းစဉ်

# ကျွန်းလှ၌ စာဖတ်ရိုန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

ကျွန်းလှ စက်တင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ဟင်္သာကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသော စာဖတ်ရိုန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို စက်တင်ဘာ ၂၄ ရက် နံနက် ၉ နာရီက အဆိုပါ ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးဝင်းသောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ဦးစီးမှူး ဦးဖိုးချို့က လူငယ်လူရွယ်များ၊ကျောင်းသား၊ ကျောင်းသူများ ဗဟုသုတပြည့်စုံစေရန်၊ စာပေဖတ်ရှုသည့် အလေ့အကျင့်ရှိစေရန်၊ အသိပညာဗဟုသုတကြွယ်ဝစေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်းကျင်းပရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

လူငယ်စကားဝိုင်းတွင် ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့် မူးယစ်ဆေးဝါး၊လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊လူငယ်နှင့် အားကစား၊လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် စာပေခေါင်းစဉ် အသီးသီးဖြင့် ဆွေးနွေးကြရာ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများ သိရှိလိုသည်များ မေးမြန်းခြင်းကို ပြန်လည်ဖြေကြားကြသည်။

ထို့နောက် ပါဝင်ဆွေးနွေးကြသူများအား ဂုဏ်ပြုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး ကျွန်းလှမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များနှင့် ဓာတ်ပုံများကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာမှတ်သားကြကြောင်း သိရသည်။

(၄၈၀)

၀-၀-၀-၀-၀

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေ ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## သရက်ခရိုင် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေး လုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**သရက် စက်တင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး၊သရက်ခရိုင် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ခရိုင်ဆေးရုံအစည်းအဝေးတွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် သရက်ခရိုင် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အဖွင့်အမှာစကားပြောကြားရာမှာ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုသည်မှာ ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုခု(သို့မဟုတ်) ပုဂ္ဂလိကတစ်ဦးဦးက အကျိုးအမြတ်ရရှိစေရန် ရည်ရွယ်၍ဖြစ်စေ၊ အကျိုးအမြတ်ရရှိရန် မရည်ရွယ်ဘဲဖြစ်စေ လုပ်ကိုင်သော ပုဒ်မ-၇ပါ ကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ်ကို ဆိုသည်ဟူ၍ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေတွင် ဖော်ပြထားသည်ဟု ပြောကြားပေးခဲ့ပြီး ခရိုင်ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ခရိုင်ကုသရေးဦးစီးဌာနမှူး ဒေါက်တာညွန့်ရွှေအောင်က သရက်ခရိုင် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အစည်းအဝေးတက်ရောက်သည့် ကော်မတီဝင်များ၊ ပုဂ္ဂလိကဆေးခန်းများမှ တက်ရောက်သူများက တင်ပြကြသည်။ သရက်ခရိုင် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက တက်ရောက်လာသူများမှ တင်ပြပေးမှုအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**စော်ထက်(သရက်)**



## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် မျောက်ကျောက်ရောဂါ ကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**သရက် စက်တင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး၊သရက်မြို့၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေး အသိပညာပေး ဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။ **(အောက်ပုံ)**

အဆိုပါ အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဆရာဝန်ကြီး ဒေါက်တာညွန့်ရွှေအောင်က မိုးရာသီတွင် ဖြစ်ပွားမှုများနိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါသည် မသန့်ရှင်းသောရေနှင့် အစားအသောက်များ စားသောက်မိရာမှတစ်ဆင့် ဖြစ်ပွားတတ်သဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေး အထူးဂရုစိုက်ရန်နှင့် သန့်လေးသန့်ကို စနစ်တကျလိုက်နာလျှင် ကူးစက်မှုကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ၂၀၂၄ခုနှစ် ဩဂုတ် ၁၄ရက်တွင် နိုင်ငံတကာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့သည့် Mpox (မျောက်ကျောက်)ရောဂါနှင့် ပတ်သက်၍ ရောဂါကူးစက်နိုင်သည့် နည်းလမ်းများကို ရှင်းလင်းဆွေးနွေးပြီး ကျန်းမာရေးဝန်ထမ်းများက အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**စော်ဝမ်းထွန်း(အောင်လံ)**



ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် စာပေ လေ့လာစို့။

## မန္တလေးတိုင်းဒေသကြီးအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လေထုအရည်အသွေးတိုင်းတာစစ်ဆေးမှုများ လစဉ်ဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၂၆**



မန္တလေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တိုင်းဒေသကြီးအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့်အတူ လေထုအရည်အသွေးတိုင်းတာစစ်ဆေးခြင်းများကို တိုင်းတာရေးပွိုင့်များ ထားရှိကာ လစဉ်တိုင်းတာဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုထိန်းချုပ်ရေးဌာနခွဲ၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ပန်းအိဖြူက ပြောသည်။

ဌာနအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် စက်ရုံ၊ အလုပ်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များနှင့် ပတ်သက်၍ အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု - Guide Line) လမ်းညွှန်ချက်များဖြင့် တိုင်းတာစစ်ဆေးမှုများလည်း လုပ်ဆောင်လျက်ရှိသည်။

"လေထုအရည်အသွေးနဲ့ ပတ်သက်လို့ သတ်မှတ်စံညွှန်းအတွင်း ရှိ၊ မရှိကို Guide Line အရ တိုင်းတာစစ်ဆေးပြီး နေပြည်တော်ကို တင်ပြတယ်။ မန္တလေးတိုင်းအတွင်းမှာ တိုင်းတာရေးပွိုင့်တွေထားရှိပြီး လစဉ်တိုင်းတာမှုတွေ လုပ်ပါတယ်။ ဌာနအနေနဲ့ လေထုရော၊ ရေထုရော လစဉ်တိုင်းတာမှုတွေ ဆောင်ရွက်နေတာပါ။ စက်ရုံ၊ အလုပ်ရုံ များပြားတဲ့နေရာတွေမှာဆိုရင်တော့ လိုအပ်ရင် လိုအပ်သလို ဆောင်ရွက်တာလည်းရှိတယ်"ဟု ၎င်းက ပြောသည်။

လေထုအရည်အသွေး တိုင်းတာရေးပွိုင့်ထားရှိရာ နေရာများမှာ တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးရုံးတွင် ၂ပွိုင့်၊ အောင်မြေသာစံခရိုင်ရုံးတွင် ၁ ပွိုင့်၊ ပုသိမ်ကြီးမြို့နယ် သစ်တောရုံးတွင် ၁ပွိုင့်၊ ကျောက်ဆည်ခရိုင်ရုံးတွင် ၁ ပွိုင့်၊ ကျောက်ဆည် စက်မှုဇုန်နယ်မြေတွင် ၄ ပွိုင့်၊ ပြင်ဦးလွင်ခရိုင်ရုံးတွင် ၁ ပွိုင့်၊ ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် ၁ ပွိုင့်၊ မိတ္ထီလာခရိုင်ရုံးတွင် ၁ပွိုင့်၊ ညောင်ဦးခရိုင်ရုံးတွင် ၁ပွိုင့်၊ ပုဂံ(ညောင်ဦး)ယဉ်ကျေးမှုနယ်မြေတွင် ၁ ပွိုင့်၊ စုစုပေါင်း ၁၄ ပွိုင့်တွင် လေထုအရည်အသွေး တိုင်းတာလျက်ရှိသည်။

"ကျောက်ဆည်ခရိုင်မှာလည်း စက်ရုံ၊ အလုပ်ရုံများအတွက် တိုင်းတာရေးပွိုင့်တွေ ထားရှိပါတယ်။ ကျောက်ဆည်မှာ ဘိလပ်မြေစက်ရုံတွေ အများဆုံးရှိရာဖြစ်သလို မိတ္ထီလာမှာ အပါချီ ရွှေတောင်ဘိလပ်မြေစက်ရုံရှိတဲ့အတွက် စက်ရုံတွေက ထုတ်လွှတ်မှုတွေကို တိုင်းတာရေးပွိုင့်တွေထားပြီး လစဉ်တိုင်းတာစစ်ဆေးပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

စက်ရုံ၊ အလုပ်ရုံများရှိရာနှင့် မြို့ပြအတွင်း တိုင်းတာစစ်ဆေးမှုများ ဆောင်ရွက်ရာတွင် သတ်မှတ်ညွှန်ကြားသည့် Guide Line တွင် Nitrogen dioxide, Ozone , Particulate matter, Sulfur dioxide စသည်တို့ကို တိုင်းတာမှုများ ပြုလုပ်ခြင်းဖြစ်သည်ဟု ဆိုသည်။

**(မန္တလေးနေ့စဉ်-၉)**

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ပြုလုပ်

**စလင်း စက်တင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ပြုလုပ်ခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲပြုလုပ်ရာ စလင်းမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအေးလင်းက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာများဖြစ်သည့် အကြောင်းအရာများမှ ကလေးများ အရွယ်မတိုင်မီ ကလေးအလုပ်သမားဘဝသို့ မရောက်စေရန်၊ ခိုင်းစေခြင်း မပြုကြရန်နှင့် ငွေကြေးများပေး၍ ဖြားယောင်းသွေးဆောင်ကာ ခိုင်းစေခြင်းများမှ လွတ်ကင်းစေရန် မိဘများမှ သတိထားရမည့်အချက်များ၊ ကလေးသူငယ် အသက်အရွယ် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေပါအချက်များ ကလေးသူငယ်တစ်ဦး အလုပ်လုပ်နိုင်သည့် အသက်အရွယ်တွင် သာမန်ပုံစံဖြင့် အလုပ်ကိုခိုင်းစေခြင်း၊ အသက်အရွယ်အလိုက် သတ်မှတ်အလုပ်ချိန်များ ဥပဒေများနှင့် အရေးယူနိုင်သည့် ပုဒ်မများ စသည်ဖြင့် အကျယ်တဝင့် ကလေးအလုပ်သမားပပျောက်ရေးနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောခဲ့ပြီး၊ ကျောင်းသင်ခန်းစာအပြင်၊ ပြင်ပဗဟုသုတရရှိစေမည့် စာအုပ်စာပေများ လေ့လာဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြား၍ ကျောင်းသင်ခန်းစာများကို ကြိုးစားသင်ယူကျက်မှတ်ကြရန် ပြောကြားခဲ့သည်။ **(အောက်ပုံ)**



ထို့နောက် ပြသထားသည့် ကလေးသူငယ် အလုပ်သမားပပျောက်ရေးဆိုင်ရာ နံရံကပ်စာစောင်နှင့်ဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမနှင့် စာကြည့်တိုက်သို့ တက်ရောက်လာကြသည့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ (Grade-5) ကျောင်းသား၊ ကျောင်းသူကလေးငယ်များနှင့် ဆရာ၊ ဆရာမများက ခင်းကျင်းပြသထားသည့် သုတ၊ ရသ၊ စာအုပ်များကို စိတ်ဝင်တစားဖတ်ရှုလေ့လာကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသင်တန်း ဖွင့်လှစ်ပို့ချ

**မိုးနဲ စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ မိုးနဲမြို့နယ်၌ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စာရင်းစစ်၊ စာရင်းကောက် ၁၂ရက်တာ သင်တန်းကို စက်တင်ဘာ ၁၆ ရက်မှစ၍ မြို့နယ်ကမ္ဘောဇခန်းမ၌ ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

သင်တန်းတွင် သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာနှင့် ၂၀၂၄ခုနှစ် သန်းခေါင်စာရင်းကောက်ယူရေးအစီအမံများ၊ သန်းခေါင်စာရင်းလုပ်ငန်းစဉ်၊ စာရင်းစစ်၊ စာရင်းကောက်များ၏ အခန်းကဏ္ဍများနှင့် တာဝန်များ၊ ဥပဒေပြဋ္ဌာန်းချက်များ၊ စာရင်းကောက်ကွက်နှင့် စာရင်းစစ်မြေပုံများ၊ အိမ်အကြောင်းအရာမေးခွန်းများ၊ လူဦးရေဆိုင်ရာအချက်အလက်မေးခွန်းများစသည့် ဘာသာရပ်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်ခိုင် ကြီးကြပ်၍ တာဝန်ရှိသူများနှင့် နည်းပြဆရာမလေးဦးတို့က သင်တန်းသား၊ သင်တန်းသူ ၃၇ဦးကို စက်တင်ဘာ ၂၇ရက်အထိ စာတွေ့သင်ကြားခြင်းနှင့် မြေပြင်တွင် ပြည်သူလူထုအတွင်း လက်တွေ့ကွင်းဆင်း ဆောင်ရွက်နိုင်ရန် လေ့ကျင့်သင်ကြားဆောင်ရွက်ပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများအလိုက် သန်းခေါင်စာရင်းကောက်ကွက်များတွင် စာရင်းကောက်အဖွဲ့များက အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ စာရင်းကောက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မန္တလေးကုန်စည်ဒိုင် အသင်းသူ၊ အသင်းသားများက ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ငွေကျပ် သိန်း ၃၃၀၀ ကျော် လှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၆**

ပွဲစားကုန်သည်စက်ပိုင်များ မဟာဘုံ ကထိန်တော်အသင်း မန္တလေးမှ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အလှူငွေများ သွားရောက်လှူဒါန်းခြင်းကို စက်တင်ဘာ ၂၅ ရက်တွင် အဖွဲ့သုံးဖွဲ့ခွဲ၍ သွားရောက်လှူဒါန်းခဲ့ရာ စုစုပေါင်း ငွေကျပ် သိန်း ၃၃၀၀ ကျော် လှူဒါန်းခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်းမှာ သုံးဖွဲ့ခွဲကာ ရမည်းသင်း၊ ပျော်ဘွယ်၊ တပ်ကုန်းတစ်ဖွဲ့၊ သဲတော၊ ဝမ်းတွင်း၊ မြစ်သားတစ်ဖွဲ့၊ ကျောက်ဆည်၊ တံတားဦး၊ စဉ့်ကိုင်တစ်ဖွဲ့ သုံးဖွဲ့ခွဲပြီး တစ်ဖွဲ့လျှင် ငွေကျပ် သိန်း ၇၀၀ နှုန်းဖြင့် သုံးဖွဲ့ ငွေကျပ် သိန်း ၂၁၀၀၊ နောက်တစ်ဖွဲ့ ကလော၊ အင်းလေးအတွက် ငွေကျပ် သိန်း ၃၅၀၊ စုစုပေါင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် ငွေကျပ် သိန်း ၂၄၅၀ လှူဒါန်းခဲ့ပြီး ရေဘေးကယ်ဆယ်ရေးလုပ်ငန်းတွင် ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ရေသန့်ဘူးများနှင့်အတူ ငွေကျပ် သိန်း ၈၅၀ တန်ဖိုးခန့် ကနဦးလှူဒါန်းခဲ့သည်။ **(အပေါ်ပုံ)**



ပွဲစားကုန်သည်စက်ပိုင်များ မဟာဘုံ ကထိန်တော်အသင်း မန္တလေးမှ မ,တည်လှူဒါန်းငွေကျပ် သိန်း ၅၀၀နှင့် အသင်းသူ၊ အသင်းသား၊ အလှူရှင်များ စုပေါင်းထည့်ဝင် လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**

## ရေဘေးသင့်ပျက်စီးခဲ့သည့် နေအိမ်များအား ထောက်ပံ့ငွေပေးအပ်

**ကျိုင်းတုံ စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်အတွင်း ရေဘေးသင့်ပျက်စီးသွားသည့်နေအိမ်များအား ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးခြင်းကို ယမန်နေ့က ကျိုင်းတုံခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့မှ ထောက်ပံ့ပေးသည်။



ထိုသို့ထောက်ပံ့ပေးရာတွင် ကျိုင်းတုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်-၁ ဒုတိယဗိုလ်မှူးကြီး ထွန်းလင်းမြတ်၊ ကျိုင်းတုံခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိသူများက ကျိုင်းတုံခရိုင်အတွင်း ကျိုင်းတုံ၊ မိုင်းခတ်၊ မိုင်းပျဉ်းမြို့နယ်များတွင် စက်တင်ဘာ ၁၀ရက်မှ ၁၂ ရက်အထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြိုကျသွားသည့် နေအိမ်တစ်အိမ်လျှင် ငွေကျပ် ငါးသိန်းနှင့် အခြေခံစားသောက်ကုန်များ၊ တစ်စိတ်တစ်ပိုင်းပြိုကျသည့် နေအိမ်တစ်အိမ်လျှင် ငွေကျပ်သုံးသိန်းနှင့် အခြေခံစားသောက်ကုန်များ စုစုပေါင်း ကျိုင်းတုံခရိုင်အတွင်း ပြိုကျသွားသည့် နေအိမ် ၁၂ အိမ်နှင့် တစ်စိတ်တစ်ပိုင်း ပြိုကျသည့် နေအိမ် ၁၀အိမ်အတွက် စုစုပေါင်း ငွေကျပ် သိန်း ၉၀နှင့် အခြေခံစားသောက်ကုန်များဖြစ်သည့် ခေါက်ဆွဲခြောက်၊ ငါးပိဘူး၊ မုန့်ဖာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)မြို့နယ်(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်၌ လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၇၄၂ ဧက လျာထားစိုက်ပျိုးမည်

**ပွင့်ဖြူ စက်တင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၌ လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက်သီးနှံစုံ စိုက်ဧက ၁၇၄၂ ဧက လျာထားစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုလာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း စားနပ်ရိက္ခာ ဖူလုံပိုလျှံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်အတွက် ခရမ်းချဉ်၊ ခရမ်းညို၊ ခရမ်းစိမ်း၊ ယန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ မုန့်ညင်း၊ ကိုက်လန်၊ ကန်စွန်း၊ ချဉ်ပေါင်၊ ကြက်ဟင်းခါးသီး၊ ဘူး၊ ဖရုံ၊ သခွား၊ မုန်လာဥနီ၊ ရုံးပတီသီး စသည့် ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၇၄၂ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကာ သတ်မှတ်စိုက်ဧက ပြည့်မီရေးအတွက် အောက်တိုဘာလဆန်းပိုင်းတွင် စတင်စိုက်ပျိုးမည်ဖြစ်သည်။

"ယခု လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စားနပ်ရိက္ခာဖူလုံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေ တိုးပွားစေဖို့အတွက် ရည်ရွယ်ပြီး ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၇၄၂ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဟင်းသီးဟင်းရွက်သီးနှံ စိုက်ပျိုးရေးကို ဒေသခံတောင်သူတွေက နှစ်စဉ် အောက်တိုဘာလဆန်းပိုင်းကစပြီး စိုက်ပျိုးကြလေ့ရှိပါတယ်။ သတ်မှတ်စိုက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် အထွက်နှုန်းကောင်းပြီး ဒေသနဲ့ ကိုက်ညီတဲ့ သီးနှံမျိုးစေ့များ စိုက်ပျိုးနိုင်အောင် GAP စိုက်နည်းနဲ့အညီ စနစ်တကျ စိုက်ပျိုးဖို့နဲ့ ပိုးမွှားကျရောက်မှုတွေမဖြစ်အောင် လိုအပ်တဲ့စိုက်ပျိုးရေး အသိပညာပေးလုပ်ငန်းတွေကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူးက ပြောသည်။



ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် တောင်သူများ သီးနှံအဆင်ပြေစွာ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်ရေးနှင့် သတ်မှတ်လျာထားဧက ပြည့်မီစေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ပူးပေါင်းကာ သီးနှံမျိုးစုံ စိုက်ပျိုးရေးဆိုင်ရာ တောင်သူပညာပေး ဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ မျိုးကောင်းမျိုးသန့် မျိုးစေ့များရရှိအောင် ဆောင်ရွက်ပေးခြင်းအပြင် စိုက်ပျိုးရေးနှင့် သီးနှံအောင်ရေ အလုံအလောက်ရရှိအောင် ဆောင်ရွက်ခြင်းတို့ကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**(၄၄၅)**

## မိုးစဉ်ဆက်မပြတ်ရွာသွန်းလျက်ရှိသည့်ကြားမှ ပင်ထောင်မြေပဲများကို နုတ်မောက်မြို့နယ် တောင်သူများ နုတ်သိမ်း

**နတ်မောက် စက်တင်ဘာ ၂၆**

တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော အပူပိုင်းမုန်တိုင်းအရှိန်ကြောင့် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်း စက်တင်ဘာ ၁၀ရက်မှ စတင်ပြီး မိုးအဆက်မပြတ် ရွာသွန်းခဲ့ရာ အဆိုပါမိုးရွာသွန်းသည့်ရက်များအတွင်း ပင်ထောင်မြေပဲများကို နုတ်သိမ်းလျက်ရှိသည်။

၂၀၂၄ မိုးစိုက်သီးနှံများကို ၂၀၂၄ခုနှစ် မေ ၂၀ရက်က စတင်စိုက်ပျိုးခဲ့ရာ ဇွန်လနှင့် ဇူလိုင်လအတွင်း မိုးလိုမိုးခေါင်မှုများ ဖြစ်ပေါ်ခဲ့ပြီး သီးနှံပင်များ ဖြစ်ထွန်းမှုအားနည်းခဲ့ကြောင်း၊ မိုးဦးမိုးသာ ပုံမှန်ရွာသွန်းပါက ဩဂုတ် ၂၀ ရက်နောက်ပိုင်းတွင် ပင်ထောင်မြေပဲများ နုတ်သိမ်းရမည်ဖြစ်ကြောင်း၊ ဩဂုတ်လရောက်မှ မိုးရွာသွန်းလာသဖြင့် မြေပဲပင်များ အစွယ်ချ ဥဥလာကြောင်း၊ ပုံမှန်သက်တမ်းအားဖြင့် ပင်ထောင်စိုက်သည့် ရက်ပေါင်း ၉၀ပြည့်လျှင် မြေပဲနုတ်ရသော်လည်း ယခုနှစ် မိုးလိုမိုးခေါင်မှုကြောင့် ရက်ပေါင်း ၁၂၀ရှိမှ ပင်ထောင်မြေပဲများကို နုတ်သိမ်းရကြောင်း ကြူအိုင်ကျေးရွာတောင်သူ ကိုတင်ငွေက ပြောသည်။

ကျေးရွာများရှိ တောင်သူများအနေဖြင့် စက်တင်ဘာ ၁၀ ရက်ခန့်မှစ၍ နေ့စဉ် ပင်ထောင်မြေပဲများကို နုတ်သိမ်းလျက်ရှိပြီး အပူပိုင်းမုန်တိုင်းအရှိန်ဖြင့် နေ့စဉ် မိုးရွာသွန်းသည့်ကြားမှာ ပင်ထောင်မြေပဲများ နုတ်သိမ်းနေခြင်း ဖြစ်ကြောင်း၊ သက်တမ်းလွန်ပါက မြေပဲတောင့်များမှ အညှောင့်ထွက်လာနိုင်ခြင်းတို့ကြောင့် မိုးရွာနေသည့်ကြားမှ မြေပဲများ နုတ်သိမ်းနေရခြင်းဖြစ်ကြောင်း၊ ယခုနှစ်အထွက်နှုန်းမှာ တစ်ဧက ၄၀တင်းမှ ၄၅တင်းနှုန်းထိ ထွက်ရှိကြောင်း န/ကျားထူးရွာ တောင်သူ ကိုပေါက်ကြီးထံမှ သိရသည်။

**မူမူစန်း**

# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်

## ပို့ကုန်ကုလားပဲဈေးမြင့်တက်သော်လည်း ပို့ကုန်ပဲများနှင့် အခြားပဲ၊ နှမ်းများ ပုံမှန်သာ အရောင်းအဝယ်ရှိနေ

ပို့ကုန်ကုလားပဲ ဈေးမြင့်တက်သော်လည်း ပို့ကုန်ပဲများနှင့် အခြားပဲ၊ နှမ်းများ ပုံမှန်သာ အရောင်းအဝယ်ရှိနေကြောင်း ပဲကုန်သည်များထံက သိရသည်။

မန္တလေးကုန်စည်ဒိုင်မှ ပွဲစားကုန်သည်များ ရေဘေးသင့်ဒေသများသို့ သွားရောက်ကူညီနေမှုများကြောင့် ပဲ၊နှမ်းဈေးကွက်တွင် အရောင်းအဝယ်အနည်းငယ်အေးနေခြင်း ဖြစ်သည်။

လာမည့်ဆောင်းစိုက်ရာသီအတွက် ပွဲရုံများက တောင်သူများအတွက် မြေပဲနှင့် ပဲမျိုးစုံ မျိုးစေ့အဝယ်ရှိလာသည်။

ပို့ကုန်ကုလားပဲ V7 တစ်မျိုးသာ ဈေးဆက်လက်မြင့်တက်လာသော်လည်း ကျန်ပို့ကုန်ပဲများနှင့် ပဲမာလိုင်းများမှာ ပုံမှန်သာ အရောင်းအဝယ်ဖြစ်နေကြောင်း၊ ကုန်စည်ဒိုင်တွင် အရောင်းသမားကလည်း ပုံမှန်သာရှိနေသလို အဝယ်သမားကလည်းအတင်းလိုက်ဝယ်တာမျိုးမရှိ လိုရောင်းလိုဝယ်ဈေးကွက်နဲ့သာ ငွေပေးချေမှုပေါ်မူတည်ပြီး အရောင်းအဝယ်ပုံမှန်တန်းသာရှိနေကြောင်း လက်ရှိအချိန်တွင် ဆောင်းစိုက်ရာသီအတွက် မြေပဲအပါအဝင် ပဲမျိုးစုံ မျိုးဈေးကွက် အရောင်းအဝယ်ရှိလာကြောင်း မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"ပဲမျိုးစုံဈေးကွက်က ရေဘေးကူညီရေးတွေ ကူကြသွားကြနဲ့ မန္တလေးကုန်စည်ဒိုင်မှာ အရောင်းအဝယ်ပုံမှန်သာ ရှိပါတယ်။ ပြည်တွင်းသုံးကုလားပဲတွေကတော့ လိုရောင်းလိုဝယ်လောက်နဲ့ အရောင်းအဝယ်ဖြစ်နေပါတယ်။ လက်ရှိဈေးကွက်မှာက အဝယ်သမားကလည်း ပုံမှန်ဝယ်သလို အရောင်းသမားကလည်း အတင်းလိုက်ရောင်းတာမျိုးမရှိဘူး။ ဈေးကွက်တစ်ခုလုံး ခပ်ငြိမ်ငြိမ်လေး ရှိနေပါတယ်။ ငွေပေးချေမှုအပေါ်မှာ မူတည်ပြီး အရောင်းအဝယ် ဖြစ်နေတဲ့ပုံစံမျိုးပါ။ ဒီရက်ပိုင်းမှာ ပွဲရုံတွေက တောင်သူတွေအတွက် ပဲမျိုးစုံ မျိုးဝယ်ယူပေးနေတာတွေရှိလာပါပြီ။ မျိုးဈေးတန်းကတော့ အမြင့်ဈေးတန်း ဖြစ်လာပါတယ်။ ပို့ကုန်ပဲတွေရော ပဲမာလိုင်းတွေရော ဈေးတန်းက ငြိမ်နေပါတယ်"ဟု ၎င်းက ပြောသည်။

စက်တင်ဘာ ၂၆ ရက်တွင် ပို့ကုန်မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀၊ မတ်ပဲ(ရေသွင်း)တစ်အိတ်လျှင် ငွေကျပ် ၃၈၅၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀၀-၄၆၀၀၀၀ ပေါက်ဈေး ဖြစ်လာသည်။ ပဲတီစိမ်းအညာတစ်အိတ်လျှင် ငွေကျပ် ၂၄၅၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဆက်လက်ဈေးမြင့်တက်လာရာ စက်တင်ဘာ ၂၆ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၃၁၃၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၃၆၀၀၀၀(ခန့်မှန်း)၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၈၃၀၀၀၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀ အသီးသီးပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ အရောင်းအဝယ်ပုံမှန်သာရှိနေရာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀-၄၀၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၆၀၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀၀၊ ကနေဒါစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၅၅၅၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန်တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀-၈၂၀၀၊ မျိုးမြေပဲ(၈၄၀၀-၈၅၀၀)ပေါက်ဈေး ရှိနေသည်။

ပြည်တွင်းမြေပဲဆန်ဈေးကွက်မှာ အထက်အောက် မြေပဲဆန်များ မန္တလေးဈေးကွက်တွင် အဝင်ဆုံနေသောကြောင့် အနည်းငယ်ဈေးကျဆင်းသလို ပြည်တွင်းပဲဆီဈေးနှုန်းလည်း လိုက်ပါကျဆင်းနေခြင်း ဖြစ်သည်။

စက်တင်ဘာ ၂၆ ရက်တွင် နှမ်းမျိုးစုံ အရောင်းအဝယ်ပုံမှန်သာရှိနေရာ နှမ်းဖြူ(ရိုးရိုး)၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၄၁၅၀၀၀၊ နှမ်းညို ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၃၅၅၀၀၀၊ နှမ်းနက်(စမုန်) ၄၅ပိဿာတစ်အိတ်လျှင် ငွေကျပ် ၅၉၀၀၀၀-၆၀၀၀၀၀၊ အက်စစ်လွတ် တစ်အိတ်လျှင် ငွေကျပ် ၆၅၀၀၀၀-၆၈၀၀၀၀ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။**ရွှေမန်း**



## လာမည့်မိုးစပါး အထွက်နှုန်းကျဆင်းနိုင်သဖြင့် ပြည်တွင်းဆန်ဈေးကွက်သို့ သက်ရောက်မှုရှိနိုင်

ရေကြီးရေလျှံမှုများကြောင့် နိုင်ငံတစ်ဝန်းရှိ စပါးစိုက်ဧက ၇ သိန်းကျော် နစ်မြုပ်ခဲ့သဖြင့် မိုးစပါးအထွက်နှုန်းကျဆင်းနိုင်ခြင်းမှာ ပြည်တွင်းဆန်ဈေးကွက်အပေါ် သက်ရောက်မှုရှိနိုင်ကြောင်း ဆန်စပါးပွဲစားအချို့က သုံးသပ်သည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ရေဘေးကြောင့် ပျက်စီးသွားသော စိုက်ပျိုးမြေများတွင် သင့်လျော်သည့် သီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သောမျိုးနှင့် သွင်းအားစုများ ထောက်ပံ့မည်ဟု ထုတ်ပြန်ထားသည်ဟု ဆိုသည်။

"ရာဂီမုန်တိုင်း ရိုက်ခတ်မှုကြောင့် ပြည်တွင်းဒေသအတော်များများက စိုက်ပျိုးမြေတွေ ရေလွှမ်းခဲ့တဲ့အတွက် သီးနှံအချို့ ပျက်စီးခဲ့တယ်။ကြက်သွန်နီဆိုရင် ပျိုးပင်တွေ ရေထဲပါသွားတာမျိုးပေါ့။ စပါးစိုက်ဧကတွေလည်း ပျက်စီးမှုတွေရှိလို့ မိုးစပါးအထွက်နှုန်းနည်းသွားရင် ဆန်စပါးဈေးအပေါ် သက်ရောက်မှုရှိနိုင်တယ်"ဟု ဆန်စပါးပွဲစား တစ်ဦးက ပြောသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ဆန်စပါးဈေးသင့်တင့်မျှတသော ဈေးနှုန်းဖြစ်စေရန် လစဉ်ရည်ညွှန်းဈေးများ ထုတ်ပြန်ပေးလျက်ရှိပြီး ယင်းထုတ်ပြန်သည့်အတိုင်း ရောင်းချကြရမည်ဖြစ်ကြောင်း၊ အရည်အသွေးနှင့်ဈေးနှုန်း မမှန်မကန်ရောင်းချခြင်းများအပေါ် အရေးယူဆောင်ရွက်မည် ဖြစ်သည်။

"ပြီးခဲ့တဲ့ စက်တင်ဘာ ဒုတိယပတ်အတွင်းက Export ဆန်ဈေးတစ်အိတ်ကို ငွေကျပ် ၂၀၀၀ ဝန်းကျင်ဈေးကျခဲ့တယ်။ မိုးစပါးအဟောင်းဈေးကတော့ မကျနိုင်ဘဲ အတက်ဘက်ရောက်နိုင်တယ်။ လက်ရှိအခြေအနေနဲ့ နောက်လာမယ့် အခြေအနေတွေအရ ဆန်ဈေးကွက်မှာ ခန့်မှန်းရခက်ပါတယ်"ဟု ၎င်းက ဆက်လက် ပြောသည်။

ပြည်တွင်းဆန်ဈေးကွက်တွင် ဈေးငြိမ်ပိုင်းတွင် ရှိနေပြီး Export ဆန်ဈေးကွက်တွင် အကျဘက်သို့ ရောက်နိုင်သကဲ့သို့ အလားတူ ဆန်ကွဲဈေးလည်း အကျဘက်ရှိနေကြောင်း၊ ယခုအချိန်တွင် ငွေကျပ်တန်ဖိုးမြင့်တက်လာသဖြင့် ဝယ်ယူသိုလှောင်မှုများကို စဉ်းစားလုပ်ဆောင်ရန် လိုကြောင်း Exporter တစ်ဦးက အကြံပြုထားသည်။

(မန္တလေးနေ့စဉ်-၉)



## ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုခန့်မှန်းထားချက်ဖြစ်သည့် တန်ချိန် ၈ သန်းအောက် လျော့ကျနိုင်

လာမည့်နှစ်တွင် ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှု ခန့်မှန်းထားချက်ဖြစ်သည့် တန်ချိန် ၈ သန်းအောက် လျော့ကျနိုင်ကြောင်း ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်းက ခန့်မှန်းထားသည်။

ထိုင်းနိုင်ငံမြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့တွင် ရေကြီးမှုများရှိနေသော်လည်း ယခုနှစ်ဆန်ပို့ကုန်အပေါ် သက်ရောက်မှုမရှိနိုင်ကြောင်း ထိုင်းနိုင်ငံ၏ နှစ်စဉ်ဆန်ပို့ကုန်မှန်းထားချက် တန်ချိန် ၈ ဒသမ ၂ သန်းထက်ပင် ယခုနှစ်ပို့ကုန်သည် ကျော်လွန်နိုင်သည်ဟု ခန့်မှန်းထားကြောင်း ကျန်လများ၌ တစ်လလျှင် ပျမ်းမျှတန်ချိန် ၆ သိန်းတင်ပို့ပါက တန်ချိန် ၉ သန်းထိပင်ရောက်နိုင်ကြောင်း အင်ဒိုနီးရှားဆန်တင်ပို့သည့် အေဂျင်စီက လစဉ်ဆန်တင်ပို့မှုကို တန်ချိန် ၄ သိန်းခွဲအတွက် တင်ဒါရရှိထားပါကြောင်း ဗီယက်နမ်နိုင်ငံ၊ မြန်မာနှင့် ပါကစ္စတန်နိုင်ငံတို့၏ ဆန်တင်ဒါဈေးနှုန်းသည် ထိုင်းနိုင်ငံထက် လျော့နည်းသဖြင့် ထိုင်းနိုင်ငံအနေဖြင့် မှန်းထားသည့် တင်ဒါဈေးနှုန်းမရရှိခဲ့ဘဲ ပြိုင်ဖက်နိုင်ငံများထံ အမှာစာများ ပိုမိုသွားစေပါကြောင်း ထိုင်းနိုင်ငံ ဆန်ပို့ကုန်အသင်းဥက္ကဋ္ဌက ပြောသည်။

လာနီညာရာသီဥတုဖြစ်စဉ်ကြောင့် မိုးရေချိန်ရရှိသဖြင့် ဗီယက်နမ်၊ ပါကစ္စတန်၊ အိန္ဒိယ၊ မြန်မာတို့၏ ဆန်ထုတ်လုပ်မှုမြင့်တက်လာသဖြင့် ကမ္ဘာ့ဆန်ဈေးကွက်တွင် ဆန်များပြားနေကြောင်း ထို့ပြင် အိန္ဒိယကလည်း ယခုနှစ် စတုတ္ထသုံးလပတ်တွင် ဆန်ဖြူပြန်လည်တင်ပို့ခွင့်ပြုသွားရန် အချက်ပြနေပါကြောင်း ဈေးကွက်မျှဝေမှုအတွက် ယှဉ်ပြိုင်ရသလို ကမ္ဘာ့ဆန်ဈေးလည်း ကျဆင်းနိုင်သဖြင့် ထိုင်းပြည်တွင်းဆန်ဈေးလည်း ကျဆင်းနိုင်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

အမေရိကန်စိုက်ပျိုးရေးဦးစီးဌာနက ၂၀၂၅ ခုနှစ်တွင် အိန္ဒိယဆန်တင်ပို့မှုတန်ချိန် ၂၀ သန်းထိ ရောက်ရှိနိုင်သဖြင့် ကမ္ဘာ့ဆန်အများဆုံးတင်ပို့မှုအဖြစ် ရပ်တည်နိုင်ပြီး ထိုင်းသည်တန်ချိန် ၇ ဒသမ ၅ သန်း၊ ဗီယက်နမ်သည် တန်ချိန် ၇ ဒသမ ၅ သန်းနှင့် ပါကစ္စတန်သည် ၅ ဒသမ ၆ သန်းအသီးသီး ဖြစ်နိုင်ကြောင်း ၂၀၂၅ ခုနှစ်တွင် အိန္ဒိယက ဆန်ပို့ကုန်ဆိုင်ရာ ပြန်လည်ပြင်ဆင်ချက်ဖြင့် ထိပ်ဆုံးနေရာသို့ ရောက်ရှိနိုင်သလို ဘတ်ငွေခိုင်မာမှုသည် ထိုင်းဆန်ပို့ကုန်ကို တန်ချိန် ၇ သန်းမှ ၇ ဒသမ ၅ သန်းထိ ကျဆင်းနိုင် ကြောင်း အသင်းက သတိပေးပြောကြားထားသည်။

ပြည်တွင်းဆန်ဈေးကွက်ကို မြှင့်တင်ရန်နှင့် ဆန်နှင့်ဆန်ထုတ်ကုန်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် ထိုင်းနိုင်ငံ၏ မူဝါဒများအပေါ် ကုန်သွယ်မှုမိတ်ဖက်နိုင်ငံများ၏ ယုံကြည်မှုတိုးမြှင့်စေရန်ရည်ရွယ်၍ Thai Rice Networking Fourm 2024 ကို ကျင်းပခဲ့ပါကြောင်း ထိုင်းဆန်ပို့ကုန်သည် ကောင်းသည့်လက္ခဏာရှိနေပါကြောင်း ၂၀၂၄ ခုနှစ် ပထမ ၇ လအတွင်း ထိုင်းနိုင်ငံသည် ဆန်တန်ချိန် ၅ ဒသမ ၆၈ သန်းတင်ပို့ခဲ့ပြီးဖြစ်သဖြင့် ၂၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ခြင်းဖြစ်ရာ ဝင်ငွေသည်လည်း ဘတ် ၁၃၂ ဘီလီယံရရှိခဲ့ပါကြောင်း ယင်းတိုးတက်ခဲ့မှုသည် ဆန်တင်သွင်းသူများက စားသုံးမှုနှင့်ရိက္ခာဖူလုံမှု ရှာဖွေကြခြင်းနှင့် အိန္ဒိယ၏ ပို့ကုန်ကန့်သတ်ချက်ရှိနေဆဲဖြစ်သော်ကြောင်း ထိုင်းနိုင်ငံမှ ဆန်ပိုမိုတင်ပို့နိုင်ခြင်းဖြစ်ကြောင်း ထိုင်းနိုင်ငံ ဘန်ကောက်မြို့ မြန်မာ့စီးပွားရေးသံမှူး ဒေါ်သီတာဝင်း၏ သတင်းပေးပို့ချက်များအရ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ ၂ ဒသမ ၅ သန်းထိ တိုးမြှင့်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော်အထိ ရရှိရန် မျှော်မှန်းထားသည်။

**ရွှေမန်း**



## အခြေခံစက်ချုပ်နည်းပညာ သင်တန်းဆင်းပွဲ ကျင်းပ

**လှိုင်လင် စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လှိုင်လင်ခရိုင်၊ လှိုင်လင်မြို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်သည့် အခြေခံစက်ချုပ်နည်းပညာသင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လှိုင်လင်ခရိုင်ရုံး လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပပါသည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးရေးလုပ်ငန်းခေါင်းစဉ်မှ မိသားစုဝင်များ ဝတ်ဆင်သော အဝတ်အထည်များကို မိမိကိုယ်တိုင် ချုပ်လုပ်ဝတ်ဆင်နိုင်ရန်၊ အခြားဝတ်ဆင်သူများ၏ အဝတ်အထည်များကို ချုပ်ခယူ၍ ချုပ်လုပ်ပေးခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် အိုးမကွာ အိမ်မကွာဖြင့် ဝင်ငွေရှာဖွေနိုင်ရန် ရည်ရွယ်၍ အခြေခံစက်ချုပ်နည်းပညာသင်တန်းကို ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၂၅ ရက်အထိ တစ်လကြာသင်ကြားပေးခဲ့ကြောင်း ဆက်လက်၍လည်း မွမ်းမံသင်တန်းကို ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ခရိုင်စီမံကိန်းဦးစီးမှူး ဦးအောင်လင်းဇော်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းအချောထည်များပေးအပ်ခဲ့ပြီး သင်တန်းသူများ ချုပ်လုပ်ထားသည့် အထည်များကို ကြည့်ရှုအားပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

အဆိုပါ အခြေခံစက်ချုပ်နည်းပညာသင်တန်းသို့ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့်ဝန်ထမ်းများ ဖိတ်ကြားထားသော ဌာနဆိုင်ရာများနှင့် သင်တန်းသူ ၁၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး သရက်မြို့၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းနိုင် ဦးဆောင်၍ စက်တင်ဘာ ၂၃ ရက် နံနက် ၇ နာရီခွဲမှ ၉နာရီထိ ရွှေသက်လွတ်ဘုရားဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ (ကဆ)





## နယ်လှည့်စာကြည့်တိုက်၊ အသိပညာပေးဟောပြောပွဲ

**မိုင်းကိုင် စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ်တောင်ပိုင်း၊ လှိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး၊ အသိပညာဗဟုသုတ တိုးပွားလာစေရေးအတွက်ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် နယ်မြေခံတပ်ရင်းတပ်ဖွဲ့တို့ပူးပေါင်း၍ နယ်လှည့်စာကြည့်တိုက် အသိပညာပေးဟောပြောပွဲနှင့်ပြပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက အ·ထ·က (မိုင်းကိုင်)သို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ အသိပညာပေးဟောပြောပွဲကို စတင်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်နန်းလှိုင်လှိုင်ဦး၊ နယ်မြေခံတပ်မှ ဗိုလ်ကြီး လှဟန်ထွဋ်တို့က သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဗဟုသုတများ၊ နိုင်ငံရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး စသည့်ခေါင်းစဉ်များဖြင့် အသိပညာပေး ဟောပြောရာ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မိမိတို့ သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် နယ်မြေခံတပ်တို့က ပူးပေါင်းစီစဉ်တင်ဆက်သော ရှမ်းအိုးစည်နံရံကပ်စာ၊ ဓာတ်ပုံ၊ စာအုပ်ပြပွဲကို ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုကာ မိမိတို့ဖတ်ရှုလိုသည့် သုတ၊ ရသ စာအုပ်စာပေများကိုလည်း ငှားရမ်းဖတ်ရှုခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

## ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေး ဈေးကွက်စောင့်ကြည့်စစ်ဆေး

**ညောင်ဦး စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် ညောင်ဦးခရိုင်စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်း၍ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် စက်တင်ဘာ ၂၅ နံနက် ၉နာရီမှ ၁၁ နာရီအထိ ညောင်ဦးမြို့နယ်ရှိ ပဲကြော်လုပ်ငန်း၊ ပဲချောင်းလုပ်ငန်း၊ မန်ကျည်းပလိတ်၊ ဆီးပလိတ်လုပ်ငန်းများအား မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်း အရင်းအနှီးအတွက် နိုင်ငံတော်မှ ချေးငွေရရှိရေးနှင့်ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေး ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

(ဝ၄၅)

ဝ-ဝ-ဝ-ဝ-ဝ-ဝ



ဖတ်စရာ၊ မှတ်စရာ စုံလင်

## ကမ္ဘာတည်သရွေ့

* ရာဇဝင်ထက် မင်းဆက်ဆက်၏
ထက်မြက်စွမ်းအား ပြည့်အင်အားဖြင့်
ကြိုးစားတည်ထောင် ဉာဏ်လူ့ဘောင်သည်
ပြည်ထောင်စုတည် သွေးစည်းညီ။

* ဘိုးဘေးတည်ထား စေတီများပြင်
စပါးစိုက်ကွင်း ပဲပြောင်းခင်းနှင့်
ရွှေတွင်းငွေတွင်း ပယင်းဒုတ္တာ
များလှပါသည် တို့တိုင်းပြည်။

* ကဗျာမမီ ရောဝတီနှင့်
သံလွင်ချင်းတွင်း အင်းလေးကန်သာ
ချောင်းဖြာဖြာလည်း . . . . .
အမွေသာစစ် တို့ပိုင်ဖြစ်၏။

* တို့ရေ တို့မြေ မြို့ရွာတွေသည်
အတီတေဆက် တို့ပိုင်နက်မို့
လက်ချင်းဆက်ထား တို့တွေအားဖြင့်
ဝိုင်းထားညီညီ ကာကွယ်မည်။

* ဒီမြေမှာနေ ဒီရေကိုသောက်
ကျေးဇူးထောက်မည် စိတ်မတည်ဘဲ
အမျိုးဘာသာ သာသနာနှင့်
နိုင်ငံစော်ကား လူရမ်းကားများ
သားထဲကလောက် သစ္စာဖောက်များ
တိုင်းတစ်ပါးရန် ရောက်လာမှန်လျှင်
တွန်းလှန်တိုက်ထုတ် ရင်ကတုတ်။

* တို့နိုင်ငံတော် တို့နိုင်ငံသား
တို့ဘာသာတရားအတွက်
အသက်သွေးစက် ပေးဆပ်ရဲသည်
တို့ရဲ့စိတ်ထား အာဇာနည် . . . . .
တွဲတွဲလက်များ ခိုင်မာသည် . . . . .
ကမ္ဘာတည်သရွေ့ မြန်မာတည်။ ။

နိုင်ဗလ

## သတင်းပဒေသာ

### အငြိမ်းစားပင်စင်လစာငွေများ ထုတ်ပေး

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်၌ စက်တင်ဘာလအတွက် အငြိမ်းစားပင်စင် လစာငွေများကို ယမန်နေ့ နံနက်ပိုင်းက စတင်ကာ အငြိမ်းစားပင်စင်စားနိုင်ငံ့ဝန်ထမ်းများကို စတင်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### မိုးရာသီအလွတ်တန်းဘောလုံးပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား မိုးရာသီအလွတ်တန်းဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၃နာရီက ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့သည်။ ဘောလုံးပြိုင်ပွဲကို(၂၁-၉-၂၀၂၄)ရက်မှ (၅-၁၀-၂၀၂၄)ရက်အထိ အသင်း ၇ သင်းတို့မှ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ဖွင့်ပွဲတွင် ပွဲဦးထွက် ကျောင်းတောင်အသင်းနှင့် ရွှေညီအကိုအသင်းတို့က ယှဉ်ပြိုင်ကစားခဲ့ကြရာ ရွှေညီအကိုအသင်းက ကျောင်းတောင်အသင်းကို ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဖွင့်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းခရိုင်၊ တန့်ယန်းမြို့နယ်တွင် ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက မြို့နယ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စာရင်းကောက်၊ စာရင်းစစ်သင်တန်းဖွင့်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းကောက်၊ စာရင်းစစ် သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက မြို့နယ်နမ့်ယွမ်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### လူငယ်ရေးရာ အသိပညာပေးဟောပြော

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့တွင် ကျောင်းသားလူငယ်များ အသိပညာဗဟုသုတ တိုးပွားစေရန် ရည်ရွယ်၍ လူငယ်ရေးရာ အသိညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့ ညနေပိုင်းက လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### စာအုပ်၊ စာစောင်များ အခမဲ့ ငှားရမ်းပေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံအကျဉ်းထောင်၌ အကျဉ်းသား၊ အကျဉ်းသူများ အသိပညာဗဟုသုတများ ရရှိစေရန်အတွက် Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းပေးခြင်းကို ယမန်နေ့က ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### Community Centre ခန်းမ၌ စာဖတ်ဝိုင်း ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကွန်ဟိန်းမြို့ (Community Centre) ခန်းမ၌ Book Club အဖွဲ့တို့နှင့်ပူးပေါင်း၍ ဒေါက်တာခင်မောင်ညို ရေးသားသော လူငယ်နှင့်အကောင်းဆုံးသောဘဝကို တည်ဆောက်ခြင်းစာအုပ်ဖြင့် စာဖတ်ဝိုင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဖန်းမော်ခရိုင်ရဲတပ်ဖွဲ့မှ စုပေါင်းသွေးလှူဒါန်း

**ဖန်းမော် စက်တင်ဘာ ၂၆**

(၆၀)ပြည့်နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ်၊ ဖန်းမော်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးရဲဝင်း ဦးစီး၍ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ သီးခြားတပ်ဖွဲ့များမှ တပ်ဖွဲ့ဝင် စုစုပေါင်း ၂၀ ဦးတို့သည် စက်တင်ဘာ ၂၄ ရက် နံနက် ၈ နာရီတွင် ဖန်းမော်မြို့၊ အမှတ်(၁၁) စစ်မြေပြင် ဆေးတပ်ရင်းတွင် စုပေါင်းသွေးလှူဒါန်းခြင်း ဆောင်ရွက်ခဲ့သည်။

ထို့သို့ စုပေါင်းသွေးလှူဒါန်းခြင်း ဆောင်ရွက်နေမှုအား ဖန်းမော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်လတ်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ထွန်းတိုး၊ ဖန်းမော်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရဲဝင်းနှင့် နယ်မြေခံဆေးတပ်ရင်းမှ ခေတ္တတပ်ရင်းမှူး ဗိုလ်မှူးဇေယျာလွင်တို့မှ လာရောက်ကြည့်ရှုအားပေးခဲ့ပြီး သွေးလှူဒါန်းသူ တပ်ဖွဲ့ဝင်များအား အာဟာရဖြည့်အစားအသောက်များ ပေးဝေခဲ့ကြောင်းနှင့် ဖန်းမော်ခရိုင်ရဲတပ်ဖွဲ့အနေဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## ဆေးပဒေသာပင် စိုက်ထူ

**မန္တလေး စက်တင်ဘာ ၂၆**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးကန်ပတ်လမ်း၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင် မန္တလေး၊ ၆၆အေလမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြားနေ ဦးသန်းအောင်+ဒေါ်ခင်ဆွေဦး မွေးနေ့အထိမ်းအမှတ်အတွက် ဆေးပဒေသာပင် အလှူငွေကျပ် ၃ သိန်းကို ယမန်နေ့က လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့်အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုခမ္မမဏိဇောတဓရ ဦးစိုးလင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်၊ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းတို့မှ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်သည်။ အလှူရှင်များ လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂၆၂၆၃၂၄ သို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)(ကဆ)**



## ရေဘေးသင့်ပြည်သူများအား ဆန်၊ ရေ၊ ရိက္ခာထောက်ပံ့ အားပေးစကားပြောကြား

**သာစည် စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၌ ရေဘေးဒဏ်ခံစားခဲ့ရသော တောင်ပေါ်ဒေသ မြင်းဒိုက်၊ ဆင်တောင်ခွေးရုပ်၊ ပင်မှန်းကျေးရွာများသို့ စက်တင်ဘာ ၂၄ ရက်က တာဝန်ရှိသူများ သွားရောက်၍ ရေဘေးသင့်ပြည်သူများအား ဆန်၊ ရေ၊ ရိက္ခာများ ထောက်ပံ့ပေးပြီး အားပေးစကားများပြောကြားခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင်များ၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် ဆင်တောင်-ကလော-ဆင်တောင်လမ်းရှိ (View Point) လမ်းဆုံ၌ ဆင်တောင်ကျေးရွာ အုပ်စု ဆင်တောင်ကျေးရွာ ရေဘေးသင့်ပြည်သူများအား ဆန် ၂၄ ပြည် ၆ အိတ်၊ ဆီ ၃၀ ပိဿာ၊ ခေါက်ဆွဲခြောက် ၅ ဖာ၊ ရေသန့်တစ်လီတာဘူး ၁၀ ကတ်နှင့် ငါးခြောက် ၈ ပိဿာတို့ကို လည်းကောင်း၊ ခွေးရုပ်ကျေးရွာ ရေဘေးသင့်ပြည်သူများအား ဆန် ၂၄ ပြည် ၄ အိတ်၊ ဆီ ၁၀ ပိဿာ၊ ခေါက်ဆွဲခြောက် ၃ ဖာ၊ ရေသန့်တစ်လီတာဘူး ၁၀ ကတ်နှင့် ငါးခြောက် ၇ ပိဿာတို့ကို ထောက်ပံ့ပေးပြီး အားပေးစကား ပြောကြားသည်။



မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဆက်လက်ထွက်ခွာလာပြီး လယ်ပြင်ကျေးရွာအုပ်စု ပင်မှန်းကျေးရွာရေဘေးသင့်ပြည်သူများအား ဆန် ၂၄ ပြည် ၃၀ အိတ်၊ ဆီ ၁၁၀ ပိဿာ၊ ခေါက်ဆွဲခြောက် ၅ ဖာ၊ ရေသန့်တစ်လီတာဘူး ၁၆ ကတ်နှင့် ငါးခြောက် ၃၀ ပိဿာ၊ အမျိုးသား၊ အမျိုးသမီးဝတ်အထည်မျိုးစုံပါ ပီနံအိတ် ၁၀ အိတ်နှင့် တစ်ကိုယ်ရည်သုံးပစ္စည်း ၁၁ မျိုးပါ ၁၀ ဖာတို့ကို ထောက်ပံ့လှူဒါန်းသည်။

ထို့နောက် မြင်းဒိုက်ကျေးရွာအုပ်စု မြင်းဒိုက်ကျေးရွာသို့ သွားရောက်ပြီး ရေဘေးသင့်ပြည်သူများအား ဆန် ၂၄ ပြည် ၇ အိတ်၊ ဆီ ၇၀ ပိဿာ၊ ခေါက်ဆွဲခြောက် ၄ ဖာ၊ ရေသန့်တစ်လီတာဘူး ၁၀ ကတ်နှင့်ငါးခြောက် ၁၅ ပိဿာနှင့် အမျိုးသား၊ အမျိုးသမီးဝတ်အထည်မျိုးစုံပါပီနံအိတ် ၅ အိတ်တို့ကို ထောက်ပံ့ပေးပြီး အားပေးစကားများပြောကြားခဲ့ကြောင်း သိရသည်။

**(အောက်ဝဲပုံ)(၄၈၇)**

*-*-*-*-*

*-*-*-*-*-*

စိမ်းလန်း
လှပစေဖို့
သန့်ရှင်းသော
ကမ္ဘာမြေကို
စောင့်ရှောက်စို့။

# မရှိတောင့်တ ရှိကြောင့်ကြ

ကျွန်တော်ငယ်စဉ်တုန်းက ကျွန်တော်တို့ရွာမှာ 'ရွှေဂျိုး' ဆိုတဲ့ကောင်လေးတစ်ယောက်ရှိတယ်။ အဖေအမေတွေက တောမှာဆိုတော့ ငါးရှာ၊ဖားရှာ တစ်နေ့လုပ် တစ်နေ့စားပါ။ ငါး၊ဖား မရတဲ့နေ့ လယ်ယာထဲမှာပေါက်တဲ့ ဟင်းရွက်ကန်စွန်းမျိုးစုံ ခူးပြီး ရောင်းကြရပါတယ်။ ဆင်းရဲပါတယ်။ ရွှေဂျိုးကို သနားကြတော့ အရပ်ထဲကလူကြီးတွေက မုန့်ဖိုးလေးတွေ ပေးကြပါတယ်။ အဲ့ဒီခေတ်က 'တမူး-တပဲ' ပေါ့။ ရွှေဂျိုးက ရတဲ့ပိုက်ဆံ တမူး-တပဲထဲက မုန့်ကို ခွေတာစားပြီး ကျန်တာကို အုန်းမှုတ်ခွက်ကလေးထဲထည့်ပြီး သူ့တဲအိမ်ကလေးနားမှာ မြေကြီးကို တူးဆွပြီး မြှုပ်တယ်။ သူက တစ်နေရာမှာ တစ်ခါထဲ မြှုပ်တာ မဟုတ်ဘူး။ မကြာခဏ တူးလိုက် ဖော်လိုက်နဲ့ အလုပ်ရှုပ်နေတတ်သူ ဒါကိုလည်း အိမ်နီးနားချင်းဖြစ်တဲ့ အရီးညိုက မြင်နေတော့ မေးတယ်။

'ဟဲ့ -- ရွှေဂျိုး နင့်မလည်း အုန်းမှုတ်ခွက် တစ်လုံးနဲ့ မြှုပ်လိုက် ဖော်လိုက်နဲ့ ဘာလုပ်နေတာတုန်း --- ဟဲ့'

'အရီးလေးရေ ကျုပ်ပိုက်ဆံ သူများလာယူမှာ ဆိုးလို့ပေါ့ ---' တဲ့

'ဟဲ့ ရွှေဂျိုးရယ် --- နင့်ပိုက်ဆံကို ဘယ်သူမှ မယူပါဘူးဟယ် --- နင်ကလဲ ဥစ္စာခြောက်မနေပါနဲ့---' တဲ့။

ကျွန်တော်အရင်က ဆိုင်ကယ်ကယ်ရီဆွဲတဲ့ အလုပ် လုပ်ပါတယ်။ ရရစားစားပါ။ ပိုတယ်လို့ မရှိပါဘူး။ တစ်ခုခံသာတာက အိမ်ငှားမနေရလို့ အိမ်လခ မပေးရတော့ တော်သေးတာပေါ့။ အိမ်သူကလည်း ရှိတာလေးနဲ့ မျှတအောင် စီစဉ်တတ်တော့ အဆင်ပြေရုံတော့ ရှိပါတယ်။ အဲ့ဒီတုန်းကတော့ လမ်းခရီးသွားရေးလာရေး မစိုးရိမ်ရဘဲ ညဆို ၈နာရီလောက်အထိ ခရီးသည်စောင့်ပြီး ဆွဲလို့ရတယ်။ လုတာယက်တာ သိပ်မရှိသေးဘူး။ ခုနောက်ပိုင်း လူတွေအကျင့်ပျက်လာပြီး အလုပ်ကို ကောင်းကောင်းမွန်မွန် လုပ်ကိုင်မစားချင်ကြတော့ဘဲ အလွယ်နည်းလမ်း ရှာလာကြတယ်။ ဆိုင်ကယ်ငှားသွားပြီး လူပြတ်တဲ့နေရာမှာ ထိုးကြိတ်လုယူတက်ကြတယ်။နောက်ကြ အုပ်စုလိုက် ရိုက်လုတာ၊ ဆိုင်ကယ်ယူပြီး သတ်ဖြတ်တာတွေထိ မြင်လာတော့ ကယ်ရီဆွဲတဲ့အလုပ် မလုပ်ရဲတော့ဘူး။ တခြား အလုပ်တစ်ခုဖြစ်တဲ့ မုန့်တီ၊ ခေါက်ဆွဲမုန့်ဖတ်ရောင်းတဲ့ အလုပ်ကိုပြောင်းပြီး လုပ်ဖြစ်တယ်။ နံနက် ၄နာရီထ အိမ်ကနေ မုန့်တီဖိုသွား မုန့်ဖတ်ယူပြီး ပုဏ္ဏားကုန်းဈေးထိပ်မှာ ခုံကလေးတစ်လုံးချပြီး ယူလာတဲ့ မုန့်တီဖတ်အထုပ်ကလေးတွေကို နေရာတကျထားပြီး ဝယ်ယူဖောက်သည်ကို စောင့်ရောင်းရတယ်။ (အတွင်း မီး ၁၁မီးထဲက လိုချင်စိတ်လောဘ)ကြောင့် နံနက်ခင်း ၄နာရီကနေ နံနက် ၉နာရီ ၁၀နာရီလောက်အထိ ထိုင်ပြီး ရောင်းရတယ်။ အသက်အရွယ်အရ ခါးတွေညောင်းကိုက်လာတဲ့အထိပဲ ဝေဒနာကို ကြိတ်ခံရင်းသမ္မာအာဇီဝအလုပ်မို့ ကျေနပ်ပါတယ်။ မကြာသေးခင်က ဇနီးဆုံးသွားတော့ ကျွန်တော်တစ်ယောက်ထဲ ခွေတာစားရင်းနဲ့ အိုစာမင်းစာလေးတော့ စုအုံးမှပဲလို့ တွေးရင်း ပိုကြိုးစားလုပ်တယ်။ မကုန်သင့်တာ မကုန်ရအောင် အစားအသောက်အသုံးကို ဆင်ခြင်ခဲ့တယ်။ စုဆောင်းခဲ့တယ်။ သည်လိုနဲ့ လက်ထဲမှာ ငွေဆယ်သိန်းလောက် စုမိလာတယ်။ အမှုမဲ့ အမှတ်မဲ့ နေရင်းက လိုင်းပေါ်မှာ သတင်းတွေ ကြည့်ရင်းက အိမ်ဖောက်တဲ့သတင်း၊ အိမ်ခြံကိုကျော်ပြီး ဆိုင်ကယ်ခိုးတဲ့ သတင်း၊ အိမ်ထဲဝင်ပြီး လုရာက လူပါသတ်တဲ့ သတင်း၊ သတင်းမျိုးစုံကြားပြီး ကြည့်ပြီး ကျွန်တော်ကြောက်လာတယ်။ မဖြစ်စလောက်ငွေလေးကို ထားစရာ မရှိ ဖြစ်လာတယ်။ အိမ်မှာကလည်း ကျွန်တော်တစ်ယောက်တည်း ဈေးရောင်းသွားသခိုက် ရှိတာလေး ဝင်ခိုးသွားမှာလား ပူပင်ရ၊ အိပ်နေတုန်းလာလုမှာလား စိုးရိမ်ရ၊ မဖြစ်စလောက် ပိုက်ဆံလေးကို ဟိုနားထားရနိုး၊ ဒီနားထားရနိုး အိပ်မပျော်တဲ့ရက်တွေ စိတ်မပျော်တဲ့ရက်တွေနဲ့ 'ကျွန်တော် ဥစ္စာခြောက်' ခံနေရပြီ။ 'မရှိတောင့်တ ရှိကြောင့်ကြ' ဆိုသောစကားသည် ကျွန်တော့်အတွက်တော့ အမှန်ပါပဲ။ ငါပိုက်ဆံရှိအောင်လုပ်ရမယ် ရှိရမယ် ဟူသော လောဘမီးကြောင့် ပင်ပန်းစွာ၊ ချို့ငဲ့စွာ ရှာဖွေစုဆောင်းခဲ့သော်လည်း ပိုက်ဆံနည်းနည်းရှိလာသောအခါ ထိုပိုက်ဆံအတွက်ပင် သောကဆိုသော ပူပင်ဆင်းရဲမှုကပို၍ ဖိစီးလာပြန်ပါတယ်။

ပိုက်ဆံများများရှိလျှင် ကျွန်တော်သည် အိပ်၍ပျော်မည် မထင်တော့ပါ။ လောဘကြောင့် ပူရတဲ့မီး၊ သောကကြောင့် ပူရတဲ့ မီး ဖိစီးကြလေပြီ။ ဘာမှ မရှိရင် စိတ်အေးရ၏။ မဖြစ်စလောက် ငွေလေးကြမှ ပူပန်ရပြီ။

ဒီနေ့သည် ကျွန်တော့မွေးနေ့ ဖြစ်ပါတယ်။ ကျွန်တော်ဈေးကိုလည်း နားလိုက်ပါတယ်။ 'ဥစ္စာဆိုတာ' ရှိနေလို့ အခြောက်ခံရတာ မရှိရင် အခြောက်မခံရတော့ဘူးလို့ အတွေးတစ ဝင်လာပါတယ်။ ထိုအတွေး အကောင်အထည်ဖော်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ပထမဦးဆုံး ငယ်စဉ်အခါက စာသင်ပေးခဲ့သော ကျောင်းဆရာမကြီး ဒေါ်မြမြအတွက်ရယ်၊ ငယ်စဉ်က ပညာသင်ပေးသော ဆရာလည်းဖြစ်ပြီး အနုပညာစာကဗျာအတွက် လက်ဦးဆရာခေါ်ထိုက်သူ ဆရာ ဦးမြင့်စိုးလှိုင်အတွက် တစ်သိန်းစီ K Pay နဲ့ လွှဲအပ်ကန်တော့လိုက်ပါတယ်။ ဟိုယခင်ကတည်းက ငွေကြေးအရရော လိုအပ်တာမှန်သမျှ အစ်ကိုကြီးအတွက်ဆိုပြီး အမြဲတမ်း စောင့်ရှောက်ပေးကြသော ညီလေးနဲ့ ညီမလေးကို မုန့်ဖိုးတစ်သိန်းစီနဲ့ တူမလေးတစ်ယောက်အတွက် တစ်သိန်းကို Wave pay နဲ့ လွှဲပေးခဲ့လိုက်ပါတယ်။ အဝေးမှာနေတဲ့ သမီးလေးနဲ့ မြေးလေးအတွက် ငါးသိန်းကိုလည်း Wave pay နဲ့ပဲ လွှဲပေးလိုက်ပါတယ်။ သူတို့တွေ ပျော်ပါစေပေါ့။ ညနေပိုင်းမှာတော့ (ပုသိမ်ကြီးမြို့နယ်၊ နှမ်းကြဲအုပ်စု၊ သာခိုတောင်တန်း၊ အေးမြချမ်းသာဓမ္မရွာ-ရိပ်သာမှာရှိတဲ့ (ဆရာလေးဒေါ်အတုလထေရီ)ဆောက်လုပ်လှူဒါန်းနေဆဲ 'အရိယာဝါသ ဓမ္မဗိမာန်)နှစ်ထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရာမှာ လိုအပ်သလို အသုံးပြုနိုင်ရန်အတွက် ကွယ်လွန်သွားကြပြီဖြစ်သော မိခင်၊ ဖခင်နှင့်ဇနီးအတွက် ရည်စူးပြီး အလှူငွေကျပ်တစ်သိန်း လှူဒါန်းခဲ့ပါတယ်။

ထို့ကြောင့် ကျွန်တော့လက်ထဲမှာ သုံးစရာအနည်းငယ်မှလွဲ၍ ဘာမှမကျန်တော့ပါ။ ကျွန်တော်တစ်ယောက်ထဲအဖို့ ငွေများများ မလိုတော့ပါ။ တကယ်မှာတော့ ကျောင်းတော်ကြီးပြီးရင် တရားဓမ္မနဲ့မွေ့ပျော်လိုသူ၊ ကျင့်ကြံအားထုတ်လိုသူ သူတော်ကောင်းများအတွက် များစွာအကျိုးရှိမည့်ကျောင်းတော်ကြီး ဖြစ်လာမှာပါ။ သည့်အတွက် စုဆောင်းမိရင် နောက်ထပ်များများလှူဖို့ စိတ်ကူးထားပါတယ်။ အလှူငွေထည့်ပြီး ဘုရားကန်တော့၊ ဆရာလေး ကန်တော့ပြီး အပြန်မှာတော့ ကျွန်တော့်စိတ်တွေ ကြည်လင်လန်းဆန်းနေခဲ့ပါတယ်။ ယခုမူ ဘာငွေမှ မရှိတော့တဲ့အတွက် ဥစ္စာခြောက်သော သောကလည်း မရှိတော့ပါ။ အနည်းငယ်မျှသော ငွေကလေးကြောင့်ပင် သောကပွားခဲ့ရသော ဒုက္ခဘေးမှ ဝေးခဲ့ရပါပြီ။ ဆိုင်ကယ်စီးပြန်ရင်းက ဆရာကြီး ဦးသုခရဲ့ 'ဘဝသံသရာ' တေးသွားလေးကို ကြားယောင်လာခဲ့ပါတော့တယ်။

'ဘဝ သံသရာ' မနေမနား သွားနေရတဲ့ ဘဝခရီးလမ်းမှာ သေဆုံးခြင်း ပန်းတိုင်ကို မရောက်မခြင်း၊ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ ပြည့်နက်နေတဲ့ သံသရာခရီးကြီးပါ။ သည်ခရီးမှာ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ ဆက်မသွားလိုတော့ပါ။ ကောင်းမြတ်သော စိတ်ကောင်းစေတနာကောင်းတွေနဲ့သာ သံသရာကို ဖြတ်သန်းဖို့ ပေါ့ပါးစွာ ဆုံးဖြတ်မိပြီး လန်းဆန်းပေါ့ပါးစွာ ပြုံးမိပါတော့တယ်။ ဒီညတော့ ကောင်းစွာ အိပ်ပျော်လိမ့်မယ် ထင်ပါတော့တယ်။

**မြခြူးအိမ်-ကိုလေး**

# မိုးလေဝသရာသီဥတုပညာရှင်နှင့် တစ်ခန်းရပ် အင်တာဗျူးမှသည်

စာရေးသူသည် စက်တင်ဘာ ၁၈ရက် မန္တလေးနေ့စဉ်သတင်းစာ၌ 'ထူးခြားရာသီဥတုဖောက်ပြန်မှုနှင့် မန္တလေးမြို့ မိုးရွာသွန်းမှု တစေ့တစောင်း' ဆောင်းပါးလေးကို မိမိအမြင်နှင့် ရေးသားမျှဝေခဲ့သည်။ ထိုသတင်းစာလေးကိုပေးရင်း မန္တလေးတိုင်းဒေသကြီး၊ မိုးဇလ ညွှန်ကြားရေးမှူးထံရောက်ခိုက် လတ်တလောရာသီဥတုဆိုင်ရာ အချို့ကိစ္စလေးတွေ အပြန်အလှန်စကားပြောဖြစ်ခဲ့သည်။ဆွေးနွေးပြောဆိုခဲ့သည့် အချက်အချို့ကို အနည်းငယ် ဖောက်သည်ချရလျှင်-

**ကိုဝေယံ။** ။ ဆရာလတ်တလော ဒီရက်ပိုင်း နေသာနေတယ်၊ ပူတော့လည်း ဆရာရယ် ကျဲကျဲတောက်နေတာပဲ၊မိုးရိပ်က ရှိသေးလား။

**မိုးဇလ။** ။ ဟုတ်ကဲ့ ကိုရေချမ်းရေ၊ မိုးတိမ်တွေ စင်နေပေမယ့် တိမ်တွေထဲမှာ ရေငွေ့တွေ အပြည့်ရှိနေသေးတယ်ဗျ။

**ကိုဝေယံ။** ။ ဆရာ ဒါနဲ့စကားမစပ် မေးပါရစေ၊ ကျွန်တော်တို့ မိုးဇလဌာနတွေက မိုးလေဝသဆိုင်ရာ တိုင်းထွာချက်နဲ့ ခန့်မှန်းချက်တွေကို ဘယ်နိုင်ငံရဲ့ နည်းပညာကို အဓိကယူပြီး သုံးနေပါလဲ။ ကျွန်တော် နားမလည်တော့ မေးတတ်သလို မေးလိုက်တာပါ။

**မိုးဇလ။** ။ ရပါတယ် ကိုဝေယံရဲ့၊ သိချင်တာမေးပါဗျ၊ ဒီလိုလေ၊ကျွန်တော်တို့ နိုင်ငံရဲ့ မိုးဇလဌာနကို ၁၉၃၇ခုနှစ်ကတည်းက တည်ထောင်ခဲ့တာပါ၊ အဲဒီကတည်းက လိုအပ်တဲ့ အထောက်အကူနဲ့ နည်းပညာတွေကို ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမှာ ရုံးစိုက်တဲ့ ကမ္ဘာ့မိုးလေဝသဌာနချုပ်ကနေပဲ ယူခဲ့ပါတယ်။

**ကိုဝေယံ။** ။ ဩော် ဟုတ်ကဲ့ဆရာ၊ ဆက်ပြောပါခင်ဗျ။

**မိုးဇလ။** ။ ခုချိန်မှာတော့ ဆရာသိချင်တဲ့ လိုရင်းကို ပြောရရင် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နဲ့ ဒေတာကွန်ရက်လည်း ချိတ်ဆက်ထားတယ်။ အဓိကကတော့ အမေရိကန်နဲ့အင်္ဂလန်က ပညာရှင်တွေနဲ့ အဖွဲ့တွေက နည်းပညာအားကောင်းကောင်း၊ မိုးလေဝသတိုင်းတာရေး ဂြိုဟ်တုစက်တွေနဲ့ အချက်အလက်ယူကြတယ်။ ပြီးတော့ ကိုယ့်ဆီမှာရှိတဲ့ တိုင်းတာခန့်မှန်းရေးပစ္စည်းနဲ့ တိုင်းတာပြီး data တွေကို သူတို့ကွန်ရက်ထဲ ထည့်ပေးတယ်။ 'ဩော် ဟုတ်လားဆရာ'၊ ဒါတွေ ကျွန်တော်မသိဘူးဗျ၊ ဆက်ပြောပေးပါဦး။ ကိုဝေယံရေ ခုက နည်းပညာမြင့်လာတော့ တိုင်းတာခန့်မှန်းရေးစက် မြင့်ရင် မြင့်လို၊ စွမ်းအားကြီး စက်ကြီးသလို ရာသီဥတုနဲ့ပတ်သက်တဲ့ data တွေကို မြန်မြန်နဲ့များများခန့်မှန်းချက်ပေးနိုင်ပါတယ်။ ပြီးတော့ ဒီအဖွဲ့အစည်းဟာ တည်ထောင်ခဲ့တာ သက်တမ်းကြာပြီဆိုတော့ ယခင် ယခင်ဖြစ်ခဲ့၊ ကြုံခဲ့တဲ့ data တွေ၊ research တွေနဲ့ တိုက်ဆိုင်လိုက်တဲ့အခါ အနီးစပ်ဆုံး မှန်လာပါတယ်။

**ကိုဝေယံ။** ။ ဒါဆို ဆရာ အတော့်ကို ရာသီဥတုဘေးအတွက် ကြိုပြင်လာနိုင်တာပေါ့။ ခုမျက်မှောက်အခြေအနေဟာ ပတ်ဝန်းကျင်ဂေဟပျက်စီးမှု များလာတာနဲ့အမျှ ရာသီဥတုဖောက်ပြန်မှုက များလာ၊ စိတ်လာတော့ ဒီလို အချက်အလက်တိကျတာနဲ့အမျှ ကမ္ဘာ့ပြည်သူ၊ မြန်မာ့ပြည်သူတွေအတွက် ကြိုတင်သတိပေးချက်တွေကို မြန်မြန်နဲ့တိတိကျကျ ထုတ်ပေးနိုင်မယ်။ ဒါဆိုရင် လူတွေ၊ တိရစ္ဆာန်တွေရဲ့ အသက်နဲ့အရေးကြီးပစ္စည်းတွေကို ဘေးလွတ်ရာ ကြိုတင်ရွှေ့ပြောင်းနိုင်၊ ကယ်တင်နိုင်တာပေါ့နော်၊ ဆရာ။

**မိုးဇလ။** ။ ဟုတ်တယ် ကိုရေချမ်းရဲ့၊ကြုံတွေ့ခဲ့ပြီး အချက်အလက်နဲ့ အခြေအနေတွေအရ ကျွန်တော်တို့ မိုးဇလကနည်းပညာနဲ့ ခန့်မှန်းတိုင်းထွာတဲ့ ပစ္စည်းစက်ကိရိယာတွေ၊ ဝန်ထမ်းတွေစွမ်းရည်၊ လုပ်ဆောင်ချက်တွေကို တန်ဖိုးနဲ့မျှရရင် ပြန်လည်ရရှိတဲ့ အကျိုးက များပြားလှပါတယ်ခင်ဗျ။

ဒါနဲ့ ဝါသနာပါသူ ကိုဝေယံနဲ့ မိုးလေဝသပညာရှင် ကျွမ်းကျင်သူတို့ အကြိုက်တူချင်း စကားလက်ဆုံ ကျလိုက်ကြတာ ၂နာရီလောက်ဖြစ်သွားတယ်၊ ဒါနဲ့ ညွှန်မှူးကြီးလည်း အလုပ်ရှိတာမို့ နှုတ်ဆက်ပြန်ခဲ့လိုက်တယ်။

နှုတ်ဆက်ပြန်ခဲ့တဲ့ ညနေမှာပဲ အချိန်အားဖြင့် ည ၆ ခွဲကျော်လောက်၊ ရာသီဥတုက ဖောက်တော့တယ်၊ တနေ့ခင်းလုံး မန္တလေးက ကျဲကျဲတောက်နေပူခဲ့တယ်၊ ပူစပ်စပ်နဲ့ အတော်အနေခက်ပါတယ်။ ဒါနဲ့ပဲ ရေချိုးမယ်လုပ်တော့ ဖြုန်းဆို ကောက်ခါငင်ခါ မိုးကရွာချတော့တယ်၊ အစပိုင်းတော့ မှန်မှန်လေး၊ ဒါပေသည့် ရေပါဝင်အားကောင်းတယ်၊ လေကလည်း နည်းနည်းပါချင်သေး။ ပြီးတော့ မိုးရေအင်အားအပြည့်နဲ့ ရွာချပါလေရောဗျာ။ အဲဒီချိန်မှာ အရှေ့ဘက်ကောင်းကင်ယံကို ကြည့်လိုက်တဲ့အခါ လမင်းကြီးက ဝင်းဝင်းပပ၊ ကောင်းကင်မှာ တိမ်ဖြူတွေပဲ အနည်းအကျဉ်း။ကြယ်လေးတစ်ပွင့်တောင် စာရေးသူ လှမ်းမြင်ရသေးတယ်။ အတော်ထူးဆန်းပါတယ်၊ ကွက်ကြားမိုးမှ တကယ့်ကွက်ကြားမိုးပါ။ ဒါနဲ့ ဒီညနေ သမီးငယ်ဖြစ်သူနဲ့ စကားစပ်မိရင်း သူက ချမ်းအေးသာစံထဲ၊ ၂၉လမ်း၊ ၇၄ လမ်းနေတာ၊ စာရေးသူက အောင်မြေသာစံ ၁၅လမ်း၊ ၆၄လမ်း သမီးငယ်က ပြောပြတယ်၊ ဖေဖေ အဝတ်လှမ်းရင်း အိမ်အပေါ်ဆုံးထပ်ကိုရောက်ချိန် မိုးသားအပြည့်ပါတဲ့ တိမ်မဲအုပ်က တဖြည်းဖြည်းနဲ့ အရှေ့မြောက်ကို ရွှေ့နေတာတဲ့။ ပြီး ခဏနေ မိုးဖွဲဖွဲ ရွာတယ်တဲ့။ စာရေးသူနေတဲ့ အောင်မြေသာစံ၊ နန်းရှေ့မှာတော့ မိနစ် ၂၀ ကျော်လောက် သဲကြီးမဲကြီး ရွာသွားတယ်။ အရှေ့ကောင်းကင်ယံကတော့ လမင်းကြီးက သာဆဲ၊တိမ်တွေကို လရောင်ဟပ်လို့ကြည့်ကောင်းနေဆဲ၊ ရှင်းလို့လင်းလို့ပါပဲ။ မိုးဇလညွှန်မှူးကြီးထံ ချက်ချင်း ဖုန်းဆက်မေးမိတယ်၊ ခု မိုးရွာပုံက နည်းနည်း ဆန်းနေလို့လေ။ ဒါနဲ့ ညွှန်မှူးကြီးက ပြန်ပြောပြတာက ကိုဝေယံရေ မိုးသားအပြည့်ပါတဲ့ တိမ်တိုက်ကြီးတစ်ခု မန္တလေးမြို့ပေါ် ရုတ်တရက်ရောက်လာပြီး ဖြတ်သွားတာဆိုပဲ ဩော် ရှေးလူကြီးတွေပြောတဲ့ 'မိုးနဲ့မွှားသိုး အဆိုးမရ' ဆိုတာ ဒါကိုပြောဖြစ်မယ်လို့ပဲ စာရေးသူ တွေးနေမိပါတော့တယ်။ ။

**ဝေယံမိုးခိုင်-မန်း**

# သန့်ရှင်းသာယာလှပရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုတို့အား ကွင်းဆင်းစစ်ဆေး



**ညောင်ဦး စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်း နှစ်လမ်းသွားလမ်းမကြီးဘေး ဝဲ၊ ယာ ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်ထားရှိမှုနှင့် လမ်းဘေး ဝဲ၊ ယာ လမ်းလယ်ကျွန်းတို့တွင် သန့်ရှင်းသာယာလှပစေရေး ပန်းအလှစိုက်ပျိုးထားရှိမှုတို့အား စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီက ညောင်ဦးခရိုင်၊မြို့နယ်တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ခ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတာဝန်ရှိသူများသည် ညောင်ဦးမြို့ ဘုရားနီလမ်းဆုံမှ သီရိပစ္စယာမီးပွိုင့် အနော်ရထာ နှစ်လမ်းသွား လမ်းမကြီး လမ်းဘေး ဝဲ၊ ယာ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ဆောင်ရွက်ထားရှိမှု၊ လမ်းဘေး ဝဲ၊ ယာ လမ်းလယ်ကျွန်းတို့တွင် မြက်အလှ၊ ပန်းမျိုးစုံအလှ၊ စိုက်ပျိုးထားရှိမှုတို့အား ကွင်းဆင်းစစ်ဆေးခဲ့သည်။ ထို့သို့ ကွင်းဆင်းစစ်ဆေးရာ ဝက်ကြီးအင်းချောင်းအနီး ရေနုတ်မြောင်းတူးဖော်ဆောင်ရွက်နေမှု လမ်းဘေး ဝဲ၊ ယာ လူသွားစင်္ကြံပြုပြင်ပြီးစီးမှု၊ မြို့တော်ခန်းမရှေ့ ပန်းအလှ၊ မြက်အလှစိုက်ပျိုးထားရှိမှု၊ ရေနုတ်မြောင်းဆောင်ရွက်ထားရှိမှု၊ လမ်းဘေးစင်္ကြံပြုပြင်ဆောင်ရွက်ထားရှိမှု ညောင်ဦး-ကျောက်ပန်းတောင်းသွား ကားလမ်းမကြီးဘေး ပန်းအလှပင်များ၊ မြက်အလှပင်များ စိုက်ပျိုးထားရှိမှု၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမုခ်ဦး လမ်းဘေး ဝဲ၊ ယာ လမ်းလယ်ကျွန်းတို့တွင် ဆောင်ရွက်ထားရှိမှုနှင့် လေယာဉ်ကွင်းမှ လေဆိပ်လမ်းဆုံအတွင်း ပန်းအလှပင်များစိုက်ပျိုးထားရှိမှုနှင့် လမ်းလယ်ကျွန်းတို့တွင် ပန်းအလှ၊ မြက်အလှပင်များ စိုက်ပျိုးထားရှိမှုတို့အား ကွင်းဆင်းစစ်ဆေးခဲ့ရာ စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ဆောင်ရွက်ထားရှိမှု၊ ထပ်မံဆောင်ရွက်မည့်အစီအစဉ်များအား ရှင်းလင်းတင်ပြရာ ညောင်ဦးခရိုင် စီမံအုပ် ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လုပ်ငန်းများလျင်မြန်စွာဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄စ၁)



# ရေကြီးနစ်မြုပ်မှုခံရသောသီးနှံများအား ပြန်လည်ကုစားရန် အသိပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်

**ပျဉ်းမနား စက်တင်ဘာ ၂၆**

ပြည်ထောင်စုနယ်မြေ၊ ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်အတွင်း ရာဂီမုန်တိုင်းကြောင့် ရေကြီးနစ်မြုပ်မှုခံစားခဲ့ရသော သီးနှံစိုက်ခင်းများ ပြန်လည်ကုစားရန်လိုအပ်သည့် နည်းစနစ်များ၊ ပြန်လည်စိုက်ပျိုးမည့်သီးနှံများအတွက် ပျက်စီးသွားသော မြေဆီလွှာများအား ပြန်လည်ပြုပြင်ရေးနည်းလမ်းများ၊ ကြုံတွေ့နိုင်သော ဖြုတ်ညိုပိုး၊ ငမြှောင်တောင်ပိုးနှင့် ဘက်တီးရီးယားရောဂါများ ကြိုတင်ကာကွယ်နှိမ်နင်းနည်းလမ်းများအား သိရှိဆောင်ရွက်နိုင်ရေးအတွက် နည်းပညာပေးဆွေးနွေးပွဲများအား စက်တင်ဘာ ၂၅ ရက်တွင် ပျဉ်းမနားမြို့နယ်ရှိ နတ်သူရဲကျေးရွာနှင့် လယ်ဝေးမြို့နယ်၊ ပိတောက်ချောင်ကျေးရွာတို့တွင် ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ဆောင်ရွက်ရာတွင် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)၊ သီးနှံကာကွယ်ရေးဌာနခွဲနှင့် မြေအသုံးချရေးဌာနခွဲမှ ညွှန်ကြားရေးမှူးများနှင့် သက်ဆိုင်ရာဘာသာရပ်ကျွမ်းကျင်ပညာရှင်ဝန်ထမ်းများမှ ဦးဆောင်၍ နေပြည်တော်ကောင်စီနယ်မြေ၊ သီးနှံကာကွယ်ရေးနှင့် မြေအသုံးချရေးတာဝန်ခံများ၊ ခရိုင်/မြို့နယ် စိုက်ပျိုးရေးဝန်ထမ်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် သီးနှံစိုက်တောင်သူများအား ပညာပေးဆွေးနွေးပွဲများဆောင်ရွက်ခဲ့ပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ၍ စိုက်ပျိုးရေးဆေးကုမ္ပဏီများမှ လှူဒါန်းသည့်ပိုးသတ်ဆေးနှင့် ရွက်ဖျန်းမြေဩဇာများအား ထောက်ပံ့ခဲ့ပြီး ဆက်လက်၍လည်း ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့သော အခြားမြို့နယ်များတွင်လည်း အထွက်နှုန်းလျော့နည်းမသွားစေရန် အချိန်မီပြန်လည်ကုစားရန် ပညာပေးဆွေးနွေးပွဲများအား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ) မျိုးသီဟ(ပြန်/ဆက်)



# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ထောက်ဝကျေးရွာ၌ ပထမအကြိမ် Exit Strategy မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူမျိုးသွယ်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံ၍ Exit Strategy မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းအကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး လိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ထောက်ဝကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦးကို ငွေကျပ် ၅၇ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၁၀ ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် တစ်သန်း၊ စုစုပေါင်း အသင်းသား၊အသင်းသူ ၆၅ ဦးကို ငွေကျပ် ၆၉ သန်းအား စနစ်တကျ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၄၅)

# မန်းသံပုရာကန်အခြေခံပညာအထက်တန်းကျောင်းခွဲ၌ လူငယ်စကားဝိုင်း ကျင်းပ

**မကွေး စက်တင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် လူငယ်များ ဗလငါးတန်နှင့် ပြည့်စုံပြီး အသိပညာ ဗဟုသုတ တိုးပွားစေရန်၊ နှုတ်မှုစွမ်းရည် တိုးတက်စေရန်၊ လူငယ်များ အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန်၊ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်စေရန်၊ စဉ်းစားတွေးခေါ်မှုစွမ်းရည်များ ရင့်သန်လာစေရန်၊ ကိုယ်ကျင့်တရားကောင်းမွန်သည့် လူတော်၊ လူကောင်းများပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မန်းသံပုရာကန် အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးဦးညွန့်ဝင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်ဇာဇာငြိမ်းက လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် လူငယ်စကားဝိုင်းကျင်းပခဲ့ရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမြို့နယ် ဦးစီးမှူးက Moderator အဖြစ်ဆောင်ရွက်ပြီး Grade-11၊ Grade-10 နှင့် Grade-9 ကျောင်းသား၊ကျောင်းသူ ၈ ဦးက ဆွေးနွေးခဲ့ကြရာ Grade-11 ကျောင်းသား မောင်ပြည့်သုခက လူငယ်နှင့်အချိန်၏တန်ဖိုး၊ Grade-10 ကျောင်းသူ မကြည်စင်သန့်က လူငယ်နှင့် ဆိုရှယ်မီဒီယာ၊ Grade-10 ကျောင်းသူ မခြူးခြူးခင်က လူငယ်နှင့် ခေါင်းဆောင်မှုကဏ္ဍ၊ Grade-9၊ ကျောင်းသား မောင်မင်းသုခက လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ Grade-9 ကျောင်းသား မောင်ဖြိုးသီဟကျော်က လူငယ်နှင့်ကြီးပွားရေး၊ Grade-9 ကျောင်းသား မောင်သက်ထူးအောင်က လူငယ်နှင့် သတ္တိ၊ Grade-9 ကျောင်းသူ မယဉ်ယဉ်ဇော်မိုးက လူငယ်နှင့်ပညာရေး၊ Grade-9၊ ကျောင်းသူ မဆုလှဲ့ဝင်းက လူငယ်နှင့်အောင်မြင်ရေးပန်းတိုင် စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။ ထို့နောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက သိလိုသည်များအား မေးမြန်းဆွေးနွေးခဲ့ရာဆွေးနွေးသည့် ကျောင်းသား၊ ကျောင်းသူများနှင့် မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။



ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

*—*—*—*—*

## လက်ဖက်တွင်ပါဝင်သော ကက်ချင်းဒြပ်ပေါင်းကြောင့် လက်ဖက်ရည်သောက်သူများ အကျိုးခံစားရခြင်းဖြစ်



လက်ဖက်ကို အခြောက် လှမ်းကာ ရေနွေးနှင့်ရောစပ်၍ လည်းကောင်း လက်ဖက်ခြောက် ကိုနှပ်၍လည်းကောင်း သောက် သုံးသောယဉ်ကျေးမှု အရှေ့နှင့် အနောက် ကမ္ဘာတစ်ခွင် ပျံ့နှံ့ နေသည်မှာ ဆယ်စုနှစ်များစွာ ကြာမြင့်ခဲ့လေပြီ။

လက်ဖက်ရည်ကြမ်းဖြစ်စေ လက်ဖက်ရည်ချိုဖြစ်စေ သောက် သုံးလျှင် နှလုံးကျန်းမာရေး အပါ အဝင် အထွေထွေကျန်းမာရေး ကောင်းမွန်စေသည်ဟု ယနေ့ ခေတ်သိပ္ပံပညာရှင်များ လေ့လာ တွေ့ရှိထားကြသည်။

တရုတ်နိုင်ငံ ကျေကျိုင်း စိုက်ပျိုးရေးသိပ္ပံအကယ်ဒမီမှ ဒေါက်တာကွာကျဲ့ဟုန် ဦးဆောင် သောသုတေသီများ လက်ဖက်ကို ဓာတ်ခွဲလေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ လက် ဖက်တွင်ပါဝင်သော ကက်ချင်း ဒြပ်ပေါင်းကလူတို့ကို ကျန်းမာ ရေးကောင်းမွန်စေခြင်းဖြစ်သည် ဟု ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။ (SCI)

## Kim Soo Hyun ၏ အချစ်ရေးကို ပရိသတ် စိတ်ဝင်စားနေ



ကိုရီးယားထိပ်တန်းစာရင်း ဝင် မင်းသားကင်ဆိုဟွမ်နှင့် ကင် ဂျီဝမ်တို့ ဒရမ်မာဇာတ်ကားအပြီး အချစ်ရေးသတင်း ထွက်ပေါ်လာ ၍ ပရိသတ်များ စိတ်ဝင်စားနေ ကြသည်ဟု ဆွန်ပီဝက်ဘ်ဆိုက် တွင် ဖော်ပြသည်။

ကင်ဆိုဟွမ်၏ အေဂျင်စီ Gold Medalist က EYES ON You အာရှတာဝါအချိန် စာရင်းတွင် ပရိသတ်တွေ့ဆုံပွဲကို ဆိုးလ်မြို့ ကိုရီးယားဟွာကျောင်း တက္ကသိုလ်တွင် အောက်တိုဘာ ၁၉ ရက်တွင် ကျင်းပမည်ဟု ကြေညာထားသည်။

တိုက်ဆိုင်စွာပင် ထိုနေ့သည် မင်းသမီး ကင်ဂျီဝမ်၏ ၃၂ နှစ် ပြည့် မွေးနေ့လည်းဖြစ်နေကာ၊ ဇူလိုင်လအတွင်း သူတို့နှစ်ဦးတွေ့ ဆုံသည့်သတင်းများ ထွက်ပေါ် လာခဲ့ပြီးနောက် နှစ်ဦးသားအချစ် ရေးကို ပရိသတ်စိတ်ဝင်စားခဲ့ကြ သည်။

သူတို့နှစ်ဦး၏အချစ်ရေးကို ပရိသတ်များက ထင်ကြေးပေး ထားကြရာမှ နှစ်ဦးသားကြား တိုက်ဆိုင်မှုကြောင့် ကင်ဆိုဟွမ် ၏ အချစ်ရေးသတင်း မှန်၊ မမှန် ကို စောင့်ကြည့်နေကြသည်။

(SKY)

# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ



## New Jeans ဘက်မှ Jung Kook က ရပ်တည်ပေးခဲ့

ကေပေါ့ပ်မျိုးဆက်သစ်အဖွဲ့ နယူးဂျင်းစ်၏ စီအီးအိုပြောင်းလဲ မှုနှင့်ပတ်သက်၍ စီအီးအိုဟောင်း မင်းဟီဂျင်းကို တောင်းဆိုခဲ့ရာမှ ပယ်ချခံရပြီး ဘီတီအက်စ်အဖွဲ့ ဝင် ဂျောင်ကု အပါအဝင် အနု ပညာရှင်များက နယူးဂျင်းစ်ဘက် မှ ရပ်တည်ပေးခဲ့ကြသည်ဟု ဆွန် ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါငြင်းပယ်မှုအပေါ် ဂျောင်ကုက အင်စတာဂရမ်တွင် ပို့စ်နှစ်ခုတင်ခဲ့ရာ 'အနုပညာရှင် များတွင် အပြစ်မရှိ'ဟုဆို၍ အီ မိုဂျီငါးခုနှင့်အတူ 'သူတို့ကို အသုံး မချပါနဲ့'ဟူ၍ တင်ထားပေးခဲ့ သည်။

ဘစ်ဟစ်ဘက်မှ ဂျောင်ကု တင်သည်ဟုမှန်ကန်ခဲ့ပြီး ကုမ္ပဏီ နှင့် စီမံခန့်ခွဲမှုကြား ဝင်ပါချင်း မဟုတ်ဘဲ စီအီးအိုချင်းဖြစ်သည့် ပြဿနာကြား အနုပညာရှင်လေး များကို အသုံးမချရန်၊ ဆွဲမထည့် ရန် ရည်ရွယ်ခြင်းသာ ဖြစ်သည် ဟု ထုတ်ပြန်ပေးခဲ့ခြင်းဖြစ်ကာ အနုပညာရှင်များစွာလည်း နယူး ဂျင်းစ်ဘက်မှ ရပ်တည်ပေးခဲ့ကြ သည်။

(SKY)

## Katy Perry ကို ပရိသတ်များက ကုမ္ပဏီမှထွက်ရန်(Captial) လှုံ့ဆော်ပေး



ကမ္ဘာကျော်အဆိုတော် ကတ် တီပယ်ရီကို သူ၏ကုမ္ပဏီ Captial က ကူညီပံ့ပိုးမှုနည်းပါးခဲ့၍ ပရိသတ်များက ကုမ္ပဏီမှထွက် ရန် လှုံ့ဆော်ပေးထားကြသည်ဟု ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြ သည်။

အဆိုပါကုမ္ပဏီက ကတ်တီ ပယ်ရီ၏ လက်ရှိ 143 Era Single သုံးပုဒ်ထုတ်ထားပြီး ပရို မိုးရှင်းကို Label လုပ်မပေး၍ အဆိုတော်ကိုယ်တိုင် အပင်ပန်း ခံနေရ၍ ဖြစ်သည်။

ကတ်တီပယ်ရီ၏ Woman's World, I'm his he is mine များကို Spotify Playlist Reach မရသည့်အပြင် Label ဘက်က ပံ့ပိုးပေးမှုမရှိ ဘဲ ဂီတဗီဒီယို Lifetimes ကို လည်း ကိုယ်တိုင်လုပ်နေရ၍ ပရိသတ်များက ကုမ္ပဏီမှထွက် ရန်အတွက် လှုံ့ဆော်ပေးခဲ့ကြခြင်း ဖြစ်သည်။

(SKY)

## Jung So Min က ဂီတလောကမှ သရုပ်ဆောင် ဖြစ်လာ

လက်ရှိဒရမ်မာကား Love Next Door နှင့် ပရိသတ် အား ပေးမှုရရှိထားသော ဂျောင်ဆို မင်သည် ဂီတလောကမှ သရုပ် ဆောင်ဖြစ်လာကာ အရှုပ်အရှင်း ကင်းပြီး ဖော်ရွေ၍ ချစ်စရာ ကောင်းသောပုံရိပ်ကို ထိန်းထား သူဖြစ်သည်ဟု ဆွန်ပီဝက်ဘ်ဆိုက် တွင် ဖော်ပြသည်။

ဂျောင်ဆိုမင်သည် ၁၉၈၉ ခုနှစ်ဖွားဖြစ်ပြီး ငယ်စဉ်ကပင် အနုပညာဝါသနာပါ၍ အလယ် တန်းတွင် အကပညာသင်ယူခဲ့ပြီး အနုပညာတက္ကသိုလ်မှ ထိပ်တန်း စာရင်းဝင်အဖြစ် ထူးချွန်ခဲ့သူဖြစ် သော်လည်း ချောမွေ့သောဘဝ မရ ခဲ့ပေ။

ဂျောင်ဆိုမင်သည် ဂီတ လောကတွင် နှစ်အတန်ကြာနေခဲ့ ပြီးမှ သရုပ်ဆောင်လောကသို့ ဝင် ရောက်ခဲ့ကာ ဇာတ်ပို့၊ ခေါင်း ဆောင်ဘဝနှင့် ဖြတ်သန်းရင်း သမိုင်းဝင်ဇာတ်ကား Alchemy of Souls နှင့် အောင်မြင်မှုရပြီး ရုပ်ရှင်ကားကြီးများတွင် ပါဝင်ခဲ့ သည်။

နာမည်ကြီးအဆိုတော် လီဂျွန် နှင့် အချစ်ဇာတ်လမ်းရှိခဲ့ပြီး သုံး နှစ်အကြာ လမ်းခွဲခဲ့၍ လက်ရှိ Love Next Door တွင် ဂျောင် ဟေအင်းနှင့် အတွဲညီခဲ့ပြီး ချစ်သူ များဖြစ်နေ၍ ပရိသတ်စိတ်ဝင်စား နေကြသည်။

(SKY)



## Lee Yeon Hee က သမီးရတနာလေး မွေးဖွားခဲ့



အသက် ၃၆ နှစ်အရွယ် မင်းသမီး လီယွန်ဟီးသည် သမီး ရတနာလေးကို ကျန်းမာစွာ မွေး ဖွားခဲ့သည်ဟု ပရိသတ်ကို ဝေမျှ ပြောကြားထားသည်ဟု ဆွန်ပီ ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လီယွန်ဟီး၏ အေဂျင်စီ ဆာရမ်းအင်တာတိန်းမင့်မှလည်း တရားဝင် အသိပေးပြောကြား ထားရာ မင်းသမီး လီယွန်းဟီး သည် ဆိုးလ်မြို့ရှိဆေးရုံတွင် သမီးရတနာမွေးဖွားခဲ့ပြီး မိခင် ရော ကလေးပါကျန်းမာစွာ ရှိနေ သည်ဟု ကြေညာပေးခဲ့သည်။

လီယွန်ဟီးသည် ၂၀၂၀ ပြည့် နှစ်တွင် အနုပညာအသိုင်းအဝိုင်း မှ မဟုတ်သူနှင့်လက်ထပ်ခဲ့ပြီး ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် သမီးရတနာလေးမွေးဖွားခဲ့ခြင်း ဖြစ်သည်။ (SKY)

## Linkin Park၏ ဒရမ်မာသစ် Colin Brittain အကြောင်းဖြစ်ခဲ့

ဟောလိဝုဒ်ဂီတအနုပညာ ရှင် လင်းကင်ပတ်၏အဖွဲ့တွင် ပင် တိုင်ဒရမ်မာဖြစ်လာသည့် ကိုလင်း ဘရီတာအင်က သီချင်းသစ်များ ဖန်တီးရာတွင် သူ၏အတွေးအမြင် သစ်များနှင့် ဒရမ်မာသစ်ကိုတင်ပြ ထားသည်ဟု ဟောလိဝုဒ်အတ် ဒိတ်တွင် ဖော်ပြသည်။

လင်းကင်ပတ်နှင့် အင်တာ ဗျူးတိုင်း ကိုလင်းဘရီတာအင် အကြောင်းပါဝင်ကာ တေးရေး၊ ထုတ်လုပ်ရေးများစွာ လုပ်ခဲ့သူ ဖြစ်ပြီး သူနှင့်ဂျပန်ဂီတ One Ok Rock တို့ ပူးပေါင်း၍ ရှစ်ခု မြောက်အခွေကို ဖန်တီးထား သည်။

အဆိုပါဂီတထဲမှ We are, Hard To Love, I Was King, Listen, Bon Voyage တို့မှာ လူကြိုက်များခဲ့ပြီး ကိုလင်း ဘီရီတာအင်က သီချင်းတစ်ပုဒ် တွင် ဂစ်တာတီးပေးထားကာ ဒရမ်၊ လီဒ်ဂစ်တာ၊ စန္ဒယား၊ ဘစ် ဂစ်တာတီး ကျွမ်းကျင်ကာ လင်း ကင်ပတ်၏အဖွဲ့တွင် ပင်တိုင် ဒရမ်မာဖြစ်ခဲ့ပြီး သီချင်းသစ်တွင် သူ၏ဖန်တီးမှု အတွေးအမြင်သစ် များနှင့် ဒရမ်မာသစ်ကို ဖန်တီး ပေးထားသည်။

(SKY)



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စာကြည့်တိုက်ဆိုသည်မှာ ပညာဖြန့်ဝေပေးရာ ဌာနကြီးတစ်ခုဖြစ်...

❖ စာဖတ်စေရန်နှင့် စာဖတ်အားများ တက်လာစေရန် ဆောင်ရွက်ရမည်ဖြစ်...

❖ တစ်ဦးချင်း အသိပညာများ ကြွယ်ဝစေရန်အတွက် စာဖတ်ရန်လို...

❖ ဖတ်ရှုသည့်စာကို ဖတ်ရုံသာမဟုတ်ဘဲ မှတ်သားထားရှိရန်လည်းလို...

❖ စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားလာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံစစ်သံမှူး Senior Colonel Qu Zhe အား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၆

ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံစစ်သံမှူး Senior Colonel Qu Zhe ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



### ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်လျက်ရှိသည့်အခြေအနေများ၊ နှစ်နိုင်ငံလေ့ကျင့်ရေးပိုင်းဆိုင်ရာများနှင့် စစ်ဘက်ဆိုင်ရာများတွင် ပိုမိုပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံစစ်သံမှူးနှင့်အတူ စစ်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ရတနာပုံနှင့် ISPE အသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့်သာ ပြီးဆုံးခဲ့

**ရန်ကုန် စက်တင်ဘာ ၂၆**

ပထမပိုင်းအပြီး မိုးသည်းထန်စွာ ရွာသွန်း၍ ပွဲစဉ်ရွှေ့ဆိုင်းထားခဲ့ရသည့် ရတနာပုံနှင့် ISPE အသင်းတို့ ဒုတိယ ပိုင်းကို ယနေ့ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပခဲ့သည်။

ယနေ့ပွဲစဉ်ကို ပြန်လည်ကျင်းပရာ ပထမပိုင်းတွင် ထွက်ပေါ်ထားသည့် (၁-၁)ရလဒ်၊ အဆိုပါနေ့တွင် ကစားခဲ့သည့် ပွဲထွက်လူစာရင်းနှင့် အရန်လူစာရင်းအတိုင်းသာ ဆက်လက်ယှဉ်ပြိုင်ကစားစေခဲ့သည်။



ရတနာပုံနှင့် ISPE အသင်းတို့ ဒုတိယပိုင်းကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိဘဲ ပထမပိုင်း (၁-၁)ရလဒ်အတိုင်းသာ ပြီးဆုံးခဲ့သည်။

ပွဲတွင် ရတနာပုံအသင်း၏ ကန်သွင်းချက်များအား ISPE ဂိုးသမားလက်စွမ်းပြ ကာကွယ်နိုင်ခဲ့သည့်နည်းတူ ISPE တိုက်စစ်မှူး နိုင်နိုင်ကျော်အနေဖြင့်လည်း ရရှိလာသည့် အခွင့်အရေးအချို့ကို အသုံးမချနိုင်ခဲ့ပေ။

ရတနာပုံ အသင်းသည် Myanmar National League 2024-2025 ပထမအကျော့ပြိုင်ပွဲအပြီး ရမှတ် ၁၈ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၅)နေရာတွင် ရပ်တည်နေပြီး ISPE အသင်းက ရမှတ်(၁၄)မှတ်ဖြင့် အမှတ်ပေးဇယား(၇)နေရာတွင် ရပ်တည်နေကြောင်း သိရသည်။

(NGB)

## AFC Futsal Level 3 Coaching Certificate Course 2024 သင်တန်းပြီးဆုံး

မြန်မာနိုင်ငံတွင် ပထမဆုံးဖွင့်လှစ်ခဲ့သည့် AFC Futsal Level 3 Coaching Certificate Course 2024 သင်တန်းပြီးဆုံးခဲ့ပြီ ဖြစ်သည်။

သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၆ ရက် ညနေပိုင်းက မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့ပြီး ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ AFC မှ သင်တန်းနည်းပြဆရာ Mr.Lee Young Jin ၊ Mr. Klmeedh Shamil Kamil Al-Jajanee နှင့် နည်းပြဆရာများ၊ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

သင်တန်းကို စက်တင်ဘာ ၁၄ ရက်မှ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသူ၊ သင်တန်းသား ၂၀ ဦး တက်ရောက်ခဲ့ကြသည်။ Futsal Level 3 Coaching Certificate သည် လက်ရွေးစင်အသင်းများကို နည်းပြနိုင်သည့် AFC အသိအမှတ်ပြု လက်မှတ်ဖြစ်ကြောင်း သိရသည်။

(NGB)